မြန်မာစာ • BURMESE

NYIC

# နယူးယောက်ပြည်နယ် အသင်းအဖွဲ့ဆိုင်ရာ အချက်အလက်များ

နယူးယောက်ရှိ ရွှေ့ပြောင်းနေထိုင်သူများအတွက်
အရင်းအမြစ် လမ်းညွှန်ချက်တစ်ခု
ဇူလိုင်လ 2026



**New York Immigration Coalition**
nyic.org

နယူးယောက် လူဝင်မှုကြီးကြပ်ရေးအဖွဲ့အနေဖြင့် အသင်းအဖွဲ့ဝင်များ၊ ကျွန်ုပ်တို့၏ ပါတနာများနှင့် ၎င်းတို့နှင့်အတူ လုပ်ကိုင်ဆောင်ရွက်နေသည့် မိတ်ဖက်များအတွက် အရင်းအမြစ်ပေးအပ်နိုင်ရန် အလို့ငှာ ယခု အချက်အလက်ကို စီစဉ်ဆောင်ရွက်ပေးခြင်း ဖြစ်သည်။ ယခုအချက်အလက်ကို ဥပဒေနှင့်မူဝါဒ အပြောင်းအလဲများအပေါ်မူတည်ပြီး ပုံမှန် အပ်ဒိတ်ပ် ပြုလုပ်ထားပါသည်။

အချက်အလက် နောက်ဆုံးအပ်ဒိတ်ပ်ပြုလုပ်ခဲ့သည့် နေ့ရက် - 7.31.26

**မာတိကာ**


- လူထုအား သတိပေးချက် **3**
- သင်၏ အခွင့်အရေးများကို သိရှိပါ **6**
- ကျန်းမာရေး **10**
- ကျောင်းများနှင့် ပညာရေး **13**
- အသိုင်းအဝိုင်း လုံခြုံရေး **16**
- နယူးယောက်ပြည်နယ် အရင်းအမြစ်များ **17**

# လူထုအား သတိပေးချက်

## အမြန်လုပ်ထုံးလုပ်နည်းဖြင့် ပြည်နှင်ဒဏ်ပေးခြင်း

### ထရန့်အစိုးရက ရွှေ့ပြောင်းနေထိုင်သူများကို မြန်မြန်ဆန်ဆန် ပြည်နှင်ဒဏ်ပေးနိုင်ရန် "အမြန်လုပ်ထုံးလုပ်နည်းဖြင့် ပြည်နှင်ဒဏ်ပေးခြင်း" ကို တိုးချဲ့လိုက်ပါသည်။

- ရွှေ့ပြောင်းနေထိုင်သူများကို လူဝင်မှုကြီးကြပ်ရေး တရားသူကြီးနှင့် လုံးဝ တွေ့ဆုံခွင့်မပေးဘဲ ပြည်နှင်ဒဏ်ပေးနိုင်မည့် "အမြန်လုပ်ထုံးလုပ်နည်းဖြင့် ပြည်နှင်ဒဏ်ပေးခြင်း" ကို တိုးချဲ့ကျင့်သုံးရန် ဖက်ဒရယ်တရားရုံးက ထရန့်အစိုးရအဖွဲ့ကို ခွင့်ပြုမိန့် ပေးလိုက်ပြီဖြစ်သည်။
- အမေရိကန်နိုင်ငံအတွင်း မည်သည့်နေရာတွင်မဆို ရောက်ရှိနေပြီး နိုင်ငံတွင်း 2 နှစ်ကြာ နေထိုင်ခဲ့ကြောင်း သက်သေမပြနိုင်သည့် တရားမဝင် ရွှေ့ပြောင်းနေထိုင်သူများသည် ယခုအခါ အမြန်လုပ်ထုံးလုပ်နည်းဖြင့် ပြည်နှင်ဒဏ်ပေးစနစ်ဖြင့် အရေးယူခံရနိုင်သည်။

### မည်သူတွေ အန္တရာယ်အရှိဆုံးလဲ။

- သင်သည် အမေရိကန်နိုင်ငံသို့ ရောက်ရှိလာသည်မှာ 2 နှစ်မပြည့်သေးဘဲ DHS ၏ ဖမ်းဆီးထိန်းသိမ်းခြင်းကို ခံရပါက ချက်ချင်းပြည်နှင်ဒဏ်ပေးခံရမည့် အန္တရာယ်ရှိနိုင်ပါသည်။ ဤလုပ်ထုံးလုပ်နည်းကို "အမြန်လုပ်ထုံးလုပ်နည်းဖြင့် ပြည်နှင်ဒဏ်ပေးခြင်း" ဟု ခေါ်ဆိုပါသည်။
- အောက်ပါအချက်များနှင့် ကိုက်ညီပါက သင် အန္တရာယ်ရှိနိုင်ပါသည် -
  - သင်သည် အမေရိကန်နိုင်ငံသို့ ရောက်ရှိလာသည်မှာ 2 နှစ် မပြည့်သေးခြင်း၊ နှင့်
  - သင်သည် အမေရိကန်နိုင်ငံတွင်းသို့ စစ်ဆေးမှုမခံယူဘဲ (တရားဝင် ဝင်ပေါက်များ မဟုတ်သည့် နယ်စပ်များမှတစ်ဆင့်) ဝင်ရောက်လာခဲ့ခြင်း၊ CHNV parole ကဲ့သို့သော ယာယီခွင့်ပြုချက် အစီအစဉ်များဖြင့် ဝင်ရောက်လာခဲ့ခြင်း သို့မဟုတ် CBP One App ကို အသုံးပြု၍ ဝင်ရောက်လာခဲ့ခြင်း စသည်တို့ ဖြစ်သည်။

### မိမိကိုယ်မိမိ မည်သို့ကာကွယ်ရမည်နည်း။

- သင်သည် အမေရိကန်နိုင်ငံတွင် နေထိုင်ခဲ့သည်မှာ 2 နှစ်ထက်မက ရှိပြီဆိုပါက ယင်းကာလ အပိုင်းအခြားကို သက်သေပြနိုင်မည့် အိမ်ငှားစာချုပ် သို့မဟုတ် အသုံးစရိတ် မီတာဘေလ်များ ကဲ့သို့သော နိုင်ငံတွင်း အမှန်တကယ်ရှိနေကြောင်း ပြသသည့် အထောက်အထားများကို မိမိနှင့်အတူ ဆောင်ထားသင့်ပါသည်။
- သင်၏ နေထိုင်မှုအထောက်အထား မိတ္တူများကို အိမ်တွင်ဖြစ်စေ၊ သူငယ်ချင်း၊ မိသားစုဝင် သို့မဟုတ် ရှေ့နေကဲ့သို့သော မိမိယုံကြည်ရသူ တစ်ဦးဦးထံတွင်ဖြစ်စေ သိမ်းဆည်းထားပါ။
- သင်သည် အရည်အချင်း ကိုက်ညီမှုရှိပါက သင်၏ နိုင်ငံရေးခိုလှုံခွင့် သို့မဟုတ် အခြား လျှောက်လွှာများကို လူဝင်မှုကြီးကြပ်ရေးတရားရုံး သို့မဟုတ် USCIS ထံသို့ သေချာပေါက် လျှောက်ထားပြီးဖြစ်ပါစေ၊ ထို့ပြင် လျှောက်ထားပြီးကြောင်း အထောက်အထားများကိုလည်း မိမိနှင့်အတူ ဆောင်ထားပါ။
- လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ဥပဒေအကြံဉာဏ်ကို မည်သည့်နေရာတွင် ရနိုင်သနည်းဟူသော မေးခွန်းများနှင့် အကြံပြုချက်များအတွက် နယူးယောက်ပြည်နယ် ရွှေ့ပြောင်းနေထိုင်သူ အသစ်များဆိုင်ရာရုံး၏ ဟော့လိုင်းနံပါတ် 1-800-566-7636 သို့ ဆက်သွယ်နိုင်ပါသည်။

### ဖမ်းဆီးထိန်းသိမ်းခံရနိုင်ခြေအတွက် မည်သို့ ပြင်ဆင်ရမည်နည်း။

- ဖမ်းဆီးထိန်းသိမ်းခံရသည့် အခြေအနေမျိုး ကြုံတွေ့ရပါက အသုံးပြုနိုင်ရန် သင်၏မိသားစု သို့မဟုတ် လူထုအဖွဲ့အစည်းဝင်များနှင့်အတူ ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားပြီး ဘေးကင်းလုံခြုံရေး အစီအစဉ်တစ်ခုကို ချမှတ်ထားပါ။
- တရားရုံးဆိုင်ရာ ကူညီပံ့ပိုးရေးအဖွဲ့များနှင့် ချိတ်ဆက်ထားပါ သို့မဟုတ် တရားရုံးသို့ သွားရမည့်အခါ သို့မဟုတ် DHS နှင့် ရက်ချိန်းများရှိသည့်အခါ သင်နှင့်အတူ တစ်ဦးဦးကို အဖော်အဖြစ် လိုက်ပါခိုင်းပါ။
- သင်သည် ဖမ်းဆီးထိန်းသိမ်းခံရပြီး မိမိ၏မိခင်နိုင်ငံ နှင့်/သို့မဟုတ် အခြားနိုင်ငံတစ်ခုခုသို့ ပြန်ပို့ခြင်းအား ကြောက်ရွံ့နေပါက ဤအချက်ကို ICE နှင့် မည်သည့် လူဝင်မှုကြီးကြပ်ရေးအရာရှိကိုမဆို ရှင်းလင်းပြတ်သားစွာ ပြောဆိုပါ၊ သင်သည် ယခင်က ခိုလှုံခွင့် လျှောက်ထားခဲ့ဖူးသည့်တိုင်အောင် သင့်အပေါ် ညှဉ်းပန်းနှိပ်စက်ခံရမည် သို့မဟုတ် မတရား အနိုင်ကျင့်ခံရမည်ကို စိုးရိမ်ကြောက်ရွံ့နေရသည့် အကြောင်းရင်းကို ထပ်မံ၍ ရှင်းလင်းပြောကြားသင့်ပါသည်။

# လူထုအား သတိပေးချက်

## TPS သက်တမ်း ကုန်ဆုံးရပ်စဲမှုများ

### ဟေတီနှင့် ဆီးရီးယားနိုင်ငံတို့အတွက် **TPS** အစီအစဉ်ကို ရပ်စဲရန် တရားရုံးချုပ်က ဆုံးဖြတ်ချက်ချမှတ်သည်

- ဇွန်လ 25 ရက်၊ 2026 တွင် အမေရိကန်တရားရုံးချုပ်က ဟေတီနှင့် ဆီးရီးယား နိုင်ငံတို့အတွက် ယာယီကာကွယ်ပေးထားသည့်အဆင့် (TPS) သတ်မှတ်ချက်ကို ရပ်စဲရန် ထရန့်အစိုးရအဖွဲ့အား ခွင့်ပြုသည့် ဆုံးဖြတ်ချက်တစ်ရပ်ကို ချမှတ်ခဲ့ပါသည်။
- နယူးယောက်မြို့သား 40,000 ကျော်သည် မကြာမီ ဥပဒေကြောင်းအရ အကာအကွယ်ပေးထားမှုများ ဆုံးရှုံးတော့မည်ဖြစ်ပြီး ဖမ်းဆီးထိန်းသိမ်းခံရခြင်းနှင့် ပြည်နှင်ဒဏ်ပေးခံရခြင်း အန္တရာယ်များနှင့် ကြုံတွေ့ရနိုင်ပါသည်။ ဤတရားရုံးချုပ်၏ ဆုံးဖြတ်ချက်ကြောင့် ထရန့်အစိုးရအဖွဲ့အနေဖြင့် နောင်အနာဂတ်တွင် အခြားနိုင်ငံများအတွက် ပေးထားသည့် TPS သတ်မှတ်ချက်များကိုလည်း လွယ်ကူစွာ ရပ်စဲပစ်နိုင်ခြေ ရှိသွားစေပါသည်။

### ယင်းက မည်သည့်အရာကို ဆိုလိုသနည်း၊ နောက်ထပ် မည်သို့ဖြစ်လာမည်နည်း။

- ဟေတီနှင့် ဆီးရီးယားနိုင်ငံတို့မှ TPS ရရှိထားသူများသည် အမေရိကန်နိုင်ငံအတွင်း တရားဝင် နေထိုင်ခွင့်နှင့် အလုပ်လုပ်ကိုင်ခွင့်များကို မကြာမီ ဆုံးရှုံးရတော့မည် ဖြစ်သည်။
- ထပ်မံထွက်ပေါ်လာမည့် တရားရုံးအမိန့်များ မရှိခဲ့ပါက အဆိုပါ တရားရုံးချုပ်၏ ဆုံးဖြတ်ချက်သည် ဇူလိုင်လ 27 ရက်၊ 2026 တွင် စတင်သက်ရောက်ရန် သတ်မှတ်ထားပါသည်။ ပြည်တွင်းလုံခြုံရေးဝန်ကြီးဌာန (DHS) အနေဖြင့် ဟေတီနှင့် ဆီးရီးယားနိုင်ငံတို့အတွက် TPS အစီအစဉ်ကို ရပ်စဲရန် နောက်ဆက်တွဲ လုပ်ငန်းစဉ်များကို မကြာမီ ဆောင်ရွက်ရလိမ့်မည်ဟု မျှော်လင့်ရသည်။ နောက်ဆုံးရ အချက်အလက်များအတွက် uscis.gov/TPS တွင် ဝင်ရောက်စစ်ဆေးပါ။
- သင်သည် ဤဆုံးဖြတ်ချက်ကြောင့် ထိခိုက်နစ်နာရသူဖြစ်ပါက ထိတ်လန့်ခြောက်ခြားခြင်း မရှိပါနှင့်။ သင့်ကိုယ်သင်နှင့် သင့်မိသားစုကို ကာကွယ်ရန် ယခုပင် ချက်ချင်း ဆောင်ရွက်မှုများ ပြုလုပ်ပါ။

### မိမိကိုယ်မိမိ မည်သို့ကာကွယ်ရမည်နည်း။

- သင်သည် လက်ရှိတွင် TPS ရရှိထားသူဖြစ်ပါက-
  - သင့်အတွက် မည်သည့်ရွေးချယ်ခွင့်များ ရှိနိုင်မည်ကို ရှာဖွေဖော်ထုတ်ရန် သင်ယုံကြည်ရသည့် လူဝင်မှုကြီးကြပ်ရေးရှေ့နေ သို့မဟုတ် တရားဝင်အသိအမှတ်ပြု ကိုယ်စားလှယ် တစ်ဦးဦးနှင့် အမြန်ဆုံး ဆွေးနွေးတိုင်ပင်ပါ။ TPS ရရှိထားသူ အများစုတွင် မိသားစုအလိုက် သို့မဟုတ် အလုပ်အကိုင်အခြေပြု လျှောက်ထားသည့် လမ်းကြောင်းများ အပါအဝင် အခြား လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ရွေးချယ်ခွင့်များ ရှိနေနိုင်ပါသည်။
    - လိမ်လည်လှည့်ဖြားသူများ၊ ရှေ့နေအတုများနှင့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ အကျိုးခံစားခွင့်များကို ရာနှုန်းပြည့် ရရှိစေရမည်ဟု အာမခံချက် ပေးနေသူများကို သတိပြုပါ၊ ရှောင်ကြဉ်ပါ။
  - ဥပဒေကြောင်းအရ တိုင်ပင်အကြံဉာဏ် ရယူခြင်းမရှိဘဲ အမေရိကန်နိုင်ငံမှ ထွက်ခွာခြင်း မပြုပါနှင့်၊ သင်သည် နိုင်ငံမှထွက်ခွာရန် ဆုံးဖြတ်လိုက်ပါက သင် တင်သွင်းထားပြီးဖြစ်သော လူဝင်မှုကြီးကြပ်ရေး လျှောက်လွှာများကို စွန့်လွှတ်လိုက်သည်ဟု သတ်မှတ်ခံရနိုင်သည့်အပြင် နောင်အနာဂတ်တွင်လည်း အမေရိကန်နိုင်ငံသို့ ပြန်လည်ဝင်ရောက်ခွင့် ပိတ်ပင်ခံရနိုင်ပါသည်။
  - ဖမ်းဆီးထိန်းသိမ်းခံရပါက အသုံးပြုနိုင်ရန် သင်၏မိသားစု သို့မဟုတ် လူထုအဖွဲ့အစည်းဝင်များနှင့်အတူ ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားပြီး ဘေးကင်းလုံခြုံရေး အစီအစဉ်တစ်ခုကို ချမှတ်ထားပါ။
  - သင်၏ အခွင့်အရေးများကို သိရှိပါ။ အကယ်၍ ICE က သင့်ကို လာရောက်ရှာဖွေပါက သင့်တွင် နှုတ်ဆိတ်နေပိုင်ခွင့် ရှိပါသည်။ တရားသူကြီးတစ်ဦးဦးက လက်မှတ်ရေးထိုးထားသည့် ရှာဖွေဝရမ်း မပါရှိဘဲ သင့်အိမ်အတွင်းသို့ ဝင်ရောက်ခြင်းကို ငြင်းပယ်နိုင်ပါသည်။
  - အကယ်၍ ICE က သင့်ကို ဖမ်းဆီးပါက မိမိ၏မိခင်နိုင်ငံ သို့မဟုတ် အခြားနိုင်ငံတစ်ခုခုသို့ ပြန်ပို့မည်ကို ကြောက်ရွံ့နေရသည့် အကြောင်းကို အရာရှိများထံ ချက်ချင်း ပြောဆိုသင့်ပါသည်။ သင့်အနေဖြင့် ယုံကြည်လောက်ဖွယ် စိုးရိမ်ကြောက်ရွံ့မှုဆိုင်ရာ လူတွေ့စစ်ဆေးခြင်း ခံယူလိုကြောင်းနှင့် ခိုလှုံခွင့် လျှောက်ထားခွင့် ရရှိလိုကြောင်း လူဝင်မှုကြီးကြပ်ရေး အရာရှိများကို ထပ်ခါတလဲလဲ ပြောဆိုရန် လိုအပ်နိုင်ပါသည်။

### အကူအညီရယူနိုင်မည့် အရင်းအမြစ်များ

- လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ဥပဒေအကူအညီများအတွက် သတင်းအချက်အလက်နှင့် လမ်းညွှန်ချက်များ ရယူရန် နယူးယောက်ပြည်နယ် ရွှေ့ပြောင်းနေထိုင်သူ အသစ်များဆိုင်ရာရုံး၏ ဟော့လိုင်းနံပါတ် 1-800-566-7636 သို့ ဆက်သွယ်နိုင်ပါသည်။
- နယူးယောက်မြို့တွင်း နေထိုင်သူများအနေဖြင့် MOIA ဌာန၏ လူဝင်မှုကြီးကြပ်ရေး ဥပဒေကူညီပံ့ပိုးမှု ဟော့လိုင်း နံပါတ် 1-800-354-0365 သို့မဟုတ် 311 သို့ ခေါ်ဆိုပြီး “Immigration Legal” ဟု ပြောဆို၍လည်းကောင်း ဆက်သွယ် အကူအညီတောင်းခံနိုင်ပါသည်။
- တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အခမဲ့ သို့မဟုတ် ကုန်ကျစရိတ်သက်သာသော လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ဥပဒေရေးရာ ဝန်ဆောင်မှုပေးသူများ စာရင်းကို ရှာဖွေရန် www.immigrationadvocates.org/legaldirectory သို့ ဝင်ရောက်ကြည့်ရှုပါ

# လူထုအား သတိပေးချက်

## မက်ဂါ မာစတာ ပြက္ခဒိန် ကြားနာစစ်ဆေးမှုများ

### လူဝင်မှုကြီးကြပ်ရေး တရားရုံးများက ပြုလုပ်သည့် "မက်ဂါ မာစတာ" ပြက္ခဒိန် ကြားနာစစ်ဆေးမှုများ

- “မက်ဂါ မာစတာ ပြက္ခဒိန် ကြားနာစစ်ဆေးမှု" ဆိုသည်မှာ တစ်ကြိမ်လျှင် လူဦးရေ 100 နှင့်အထက် အရေအတွက်အတွက် ရက်ချိန်းပေးထားသည့် ကြားနာစစ်ဆေးမှုမျိုး ဖြစ်ပြီး၊ အဓိကအားဖြင့် သင်တို့ကို ကိုယ်စားပြုမည့် ရှေ့နေမရှိသူများကို ပစ်မှတ်ထားခြင်း ဖြစ်သည်။ ရွှေ့ပြောင်းနေထိုင်သူ အများအပြားအတွက်မူ မာစတာ ပြက္ခဒိန် ကြားနာစစ်ဆေးမှုသည် ၎င်းတို့၏ အမှုကိစ္စအတွက် လူဝင်မှုကြီးကြပ်ရေး တရားသူကြီးတစ်ဦး၏ ရှေ့မှောက်သို့ ပထမဆုံးအကြိမ် ရောက်ရှိရခြင်း ဖြစ်သည်။
- သင့်တွင် ကြားနာစစ်ဆေးမှုအတွက် ရက်ချိန်း သတ်မှတ်ပြီးသား ဖြစ်ပါက ပိုမိုစောစီးသော ရက်စွဲတစ်ခုသို့ ရက်ချိန်း ပြန်လည်ပြောင်းလဲ၊ သတ်မှတ်ခံရနိုင်ပါသည်။

### ကျွန်ုပ် တရားရုံးရက်ချိန်း ပျက်ကွက်ပါက ဘာဖြစ်မလဲ။

- အချို့သူများ၏ ကြားနာစစ်ဆေးမည့် ရက်စွဲများကို ပိုမိုစောစီးသော ရက်များသို့ ပြောင်းလဲသတ်မှတ်နေကြပြီး၊ ၎င်းတို့အနေဖြင့် ရက်စွဲပြောင်းလဲသွားသည်ကို သတိမပြုမိလိုက်ခြင်းကြောင့် တရားရုံးရက်ချိန်း ပျက်ကွက်ခြင်းမျိုး ဖြစ်ပွားနိုင်ပါသည်။
- သင်သည် မာစတာ ပြက္ခဒိန် ကြားနာစစ်ဆေးမှု ပျက်ကွက်ပါက ပြည်နှင်ဒဏ်ပေးသည့် အမိန့်ကို ရရှိပါလိမ့်မည်။ ဤသည်မှာ သင်သည် ဖမ်းဆီးထိန်းသိမ်းခံရခြင်း နှင့်/သို့မဟုတ် ပြည်နှင်ဒဏ်ပေးခံရခြင်းတို့ ဖြစ်နိုင်သည်ဟု ဆိုလိုခြင်း ဖြစ်သည်။

### ကျွန်ုပ်၏ လူဝင်မှုကြီးကြပ်ရေး တရားရုံးရက်ချိန်းကို မည်သို့ စစ်ဆေးရမည်နည်း။

- သင့်တွင် လူဝင်မှုကြီးကြပ်ရေး တရားရုံး၌ အမှုတွဲတစ်ခု ရှိနေပါက ကြားနာစစ်ဆေးမည့် ရက်စွဲများ ပြောင်းလဲမှု ရှိ၊ မရှိ သိရှိနိုင်ရန် EOIR ၏ အလိုအလျောက် အမှုတွဲ အချက်အလက်စနစ် ဝက်ဘ်ဆိုက်တွင် ဝင်ရောက်စစ်ဆေးခြင်း သို့မဟုတ် ဖုန်းလိုင်းသို့ မကြာခဏ ခေါ်ဆိုမေးမြန်းခြင်းတို့ကို ပြုလုပ်သင့်ပါသည်။
- သင်၏ တရားရုံးရက်ချိန်းနှင့် တည်နေရာကို စစ်ဆေးရန်-
    - acis.eoir.justice.gov သို့ ဝင်ရောက်ပြီး သင်၏ ဂဏန်း 9 လုံးပါဝင်သော အမှုတွဲ A-နံပါတ်နှင့် မိခင်နိုင်ငံသားဖြစ်မှုတို့ကို ထည့်သွင်းပါ၊ သို့မဟုတ်
    - ဖုန်းနံပါတ် 1-800-898-7180 သို့ ခေါ်ဆိုပြီး လမ်းညွှန်ချက်များအတိုင်း ဆက်လက်လုပ်ဆောင်ပါ။

### မိမိကိုယ်မိမိ မည်သို့ကာကွယ်ရမည်နည်း။

- တရားရုံး ကြားနာစစ်ဆေးမှု ရက်ချိန်းကို မပျက်ကွက်စေရန်အတွက် သင်၏ တရားရုံးရက်ချိန်းကို မကြာခဏ အမြဲမပြတ် စစ်ဆေးပါ။
- ဖမ်းဆီးထိန်းသိမ်းခံရသည့် အခြေအနေမျိုး ကြုံတွေ့ရပါက အသုံးပြုနိုင်ရန် သင်၏မိသားစု သို့မဟုတ် လူထုအဖွဲ့အစည်းဝင်များနှင့်အတူ ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားပြီး ဘေးကင်းလုံခြုံရေး အစီအစဉ်တစ်ခုကို ချမှတ်ထားပါ။
- တရားရုံးဆိုင်ရာ ကူညီပံ့ပိုးရေးအဖွဲ့များနှင့် ချိတ်ဆက်ထားပါ၊ သို့မဟုတ် တရားရုံးကြားနာစစ်ဆေးမှု ရက်ချိန်းများသို့ သွားရောက်သည့်အခါ မိမိနှင့်အတူ တစ်ဦးဦးကို အဖော်အဖြစ် လိုက်ပါခိုင်းပါ။
- သင်သည် အရည်အချင်းကိုက်ညီမှုရှိပါက ခိုလှုံခွင့် သို့မဟုတ် အခြား လျှောက်လွှာများကို တရားရုံးထံသို့ သေချာပေါက် တင်သွင်းလျှောက်ထားပြီး ဖြစ်ပါစေ။
- သင်သည် ဖမ်းဆီးထိန်းသိမ်းခံရပြီး သင်၏မိခင်နိုင်ငံ နှင့်/သို့မဟုတ် အခြားနိုင်ငံတစ်ခုခုသို့ ပြန်ပို့မည်ကို ကြောက်ရွံ့နေပါက ဤအချက်ကို ICE နှင့် မည်သည့် လူဝင်မှုကြီးကြပ်ရေးအရာရှိကိုမဆို ရှင်းလင်းပြတ်သားစွာ ပြောဆိုပါ။
- လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ဥပဒေအကြံဉာဏ် မည်သည့်နေရာတွင် ရနိုင်သနည်းဟူသော မေးခွန်းများနှင့် အကြံပြုချက်များအတွက် နယူးယောက်ပြည်နယ် ရွှေ့ပြောင်းနေထိုင်သူ အသစ်များဆိုင်ရာရုံး၏ ဟော့လိုင်းနံပါတ် 1-800-566-7636 သို့လည်း ဆက်သွယ်နိုင်ပါသည်။

### တရားရုံးအတွင်း သင်၏ အခွင့်အရေးများကို သိရှိပါ

- တရားသူကြီးက ဆုံးဖြတ်ချက်မချမှတ်မီ သင့်အမှုတွဲကို ပယ်ဖျက်ခြင်း သို့မဟုတ် ပြည်နှင်ဒဏ်ပေးခြင်းတို့အပေါ် ကန့်ကွက်ပိုင်ခွင့် သင့်တွင် ရှိပါသည်။
- ICE ရှေ့နေအနေဖြင့် အမှုပယ်ဖျက်ရန် သို့မဟုတ် ပြည်နှင်ဒဏ်ပေးရန် ၎င်းတို့၏ လျှောက်လဲချက်ကို စာဖြင့်ရေးသားတင်ပြရန် သင် တောင်းဆိုနိုင်ပါသည်၊ ထိုသို့တောင်းဆိုခြင်းဖြင့် သင့်အမှုကို အဘယ်ကြောင့် ဆက်လက်လုပ်ဆောင်လိုကြောင်း တရားသူကြီးအား ရှင်းလင်းတင်ပြရန်နှင့် ဥပဒေကြောင်းအရ အကူအညီရယူရန်အတွက် သင့်တွင် အချိန်ရရှိပါမည်။
- တရားသူကြီးက သင့်အမှုကို ပယ်ဖျက်လိုက်ပါက သို့မဟုတ် ပြည်နှင်ဒဏ်ပေးရန် အမိန့်ချမှတ်လိုက်ပါက သင့်တွင် အယူခံဝင်ပိုင်ခွင့် ရှိပါသည်။ သင်သည် ဤဆုံးဖြတ်ချက်ကို လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ အယူခံဗဟိုအဖွဲ့ (BIA) ထံသို့ အယူခံ တင်သွင်းနိုင်ပါသည်။ သင့်အနေဖြင့် အယူခံဝင်လိုကြောင်း လူဝင်မှုကြီးကြပ်ရေး တရားသူကြီးအား သေချာပေါက် ပြောကြားပါ။
- သင်၏ အခွင့်အရေးများနှင့် ပတ်သက်၍ နောက်ထပ် အရင်းအမြစ်များကို သိရှိလိုပါက nyic.org/kyr သို့ ဝင်ရောက်ကြည့်ရှုပါ။

# သင်၏ အခွင့်အရေးများကို သိရှိပါ

## လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ဥပဒေတင်းကျပ်ဆောင်ရွက်မှုများ



### လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ စည်းမျဉ်းဥပဒေများ အသက်ဝင်စေရေးနှင့် ပတ်သက်၍ အခြေအနေမှာ မည်သို့ရှိနေပါသနည်း။

- သမ္မတ ထရန့် လက်ထက်တွင် ကျွန်ုပ်တို့၏ လူထုအခြေပြု ရပ်ရွာများအတွင်း လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ဥပဒေတင်းကျပ်ဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်လာခဲ့ပါသည်။
- လူဝင်မှုကြီးကြပ်ရေးနှင့် အကောက်ခွန်ဆိုင်ရာ အရေးယူဆောင်ရွက်ရေးအဖွဲ့ (ICE) နှင့် အကောက်ခွန်နှင့် နယ်စပ်ကာကွယ်ရေး အဖွဲ့ (CBP) မှ အရာရှိများသည် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ စီးနင်းရှာဖွေမှုများနှင့် ဖမ်းဆီးမှုများကို တိုးမြှင့်လုပ်ဆောင်လာကြသည်။ ၎င်းတို့သည် ဒေသခံရဲတပ်ဖွဲ့နှင့် ရှရစ်ဖ်များကဲ့သို့သော အခြားဥပဒေစိုးမိုးရေး အဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းလုပ်ဆောင်လေ့ရှိသည်။ ယင်း၏ ရလဒ်အနေဖြင့် ကျွန်ုပ်တို့၏ လူထုအခြေပြု ရပ်ရွာလူထုအဖွဲ့ဝင် အများအပြားကို ထိန်းသိမ်းရေးစခန်းများသို့ ပို့ဆောင်ခြင်းနှင့် ပြည်နှင်ဒဏ်ပေးခြင်းဆိုင်ရာ တရားစွဲဆိုမှုများ ပြုလုပ်လာခြင်းတို့ကို ပိုမိုတွေ့မြင်လာရပါသည်။
- မကြာသေးမီက ရောက်ရှိလာသူများ၊ တရားဝင်အဆင့်အတန်း မရှိသူများ၊ အင်္ဂလိပ်ဘာသာစကားကို မိခင်ဘာသာစကားအဖြစ် မပြောဆိုသူများနှင့် အခြားသူများသည် ဥပဒေအရ ဖမ်းဆီးအရေးယူခံရမည့် အန္တရာယ်ရှိနိုင်ပါသည်။
- သင် စိုးရိမ်ပူပန်မှုများရှိပါက လူဝင်မှုကြီးကြပ်ရေး ရှေ့နေတစ်ဦးနှင့် တိုင်ပင်ဆွေးနွေးပါ။

### ကျွန်ုပ်ကို **ICE** သို့မဟုတ် **CBP** က တားဆီးစစ်ဆေးလျှင် ကျွန်ုပ်တွင် မည်သည့်အခွင့်အရေးများ ရှိသနည်း။

- လူဝင်မှုကြီးကြပ်ရေးနှင့် အကောက်ခွန်ဆိုင်ရာ အရေးယူဆောင်ရွက်ရေးအဖွဲ့ (ICE)၊ နယ်စပ်ကင်းလှည့်တပ်ဖွဲ့ သို့မဟုတ် အခြားဥပဒေစိုးမိုးရေး အဖွဲ့အစည်းများနှင့် ရင်ဆိုင်ကြုံတွေ့ရသည့် မည်သည့်အခါမဆို သင်၏ အခွင့်အရေးများကို သိရှိနားလည်ထားသင့်ပါသည်။
- သင့်ကို လူဝင်မှုကြီးကြပ်ရေး သို့မဟုတ် အခြားဥပဒေစိုးမိုးရေး အဖွဲ့အစည်းတစ်ခုခုက တားဆီးစစ်ဆေးလျှင် အောက်ပါအချက်များကို မှတ်သားထားပါ-
  - တည်ငြိမ်စွာ နေပါ။ ထွက်မပြေးပါနှင့်။ အရာရှိကို ခုခံခြင်း သို့မဟုတ် နှောင့်ယှက်ဟန့်တားခြင်း မပြုပါနှင့်။
  - လိမ်လည်ပြောဆိုခြင်း မပြုပါနှင့် သို့မဟုတ် စာရွက်စာတမ်းအတုများကို မပြပါနှင့်။
  - သင့်တွင် နှုတ်ဆိတ်နေပိုင်ခွင့်ရှိပြီး မေးခွန်းများကို ဖြေဆိုရန် မလိုပါ။ သင်က "ကျွန်ုပ် နှုတ်ဆိတ်နေလိုပါသည်" သို့မဟုတ် "ကျွန်ုပ် မေးခွန်းများကို မဖြေဆိုလိုပါ" ဟု ပြောနိုင်ပါသည်။
  - အရာရှိတစ်ဦးက သင့်ကိုဖြစ်စေ၊ သင့်ပိုင်ဆိုင် ပစ္စည်းများကိုဖြစ်စေ ရှာဖွေခွင့်ပြုရန် တောင်းခံလာပါက သင့်တွင် ခွင့်မပြုနိုင်ပါဟု ငြင်းပယ်ပိုင်ခွင့် ရှိပါသည်။ သင်က "ကျွန်ုပ် ရှာဖွေခြင်းကို သဘောမတူပါ" ဟု ပြောဆိုနိုင်ပါသည်။
  - သင် ဖမ်းဆီးထိန်းသိမ်းခံရခြင်း သို့မဟုတ် ဖမ်းဆီးခြင်း ခံရပါသလား၊ အဘယ်ကြောင့် ခံရသလဲဆိုသည်ကို သိပိုင်ခွင့် သင့်တွင် ရှိပါသည်။ သင်က "ကျွန်ုပ် သွားလို့ရပြီလား" သို့မဟုတ် "ကျွန်ုပ်ကို အဘယ်ကြောင့် ဖမ်းဆီးထိန်းသိမ်းထားတာလဲ" ဟု မေးမြန်းနိုင်ပါသည်။
  - သင့်အပေါ် သို့မဟုတ် အခြားသူများအပေါ် ဘာတွေဖြစ်ပျက်နေသည်ကို မှတ်တမ်းတင်ပိုင်ခွင့် သင့်တွင် ရှိပါသည်။ သင်က "ကျွန်ုပ်တွင် မှတ်တမ်းတင်ပိုင်ခွင့် ရှိသည်" ဟု ပြောဆိုနိုင်ပါသည်။
  - သင်သည် ဥပဒေစိုးမိုးရေး အဖွဲ့အစည်းများ၏ တားဆီးခြင်း၊ ဖမ်းဆီးထိန်းသိမ်းခြင်း သို့မဟုတ် မတရားနှောင့်ယှက်ခြင်း ခံရပါက အဆိုပါအရာရှိ(များ)၏ အမည်၊ နံပါတ်နှင့် ၎င်းတို့ မည်သူမည်ဝါဖြစ်ကြောင်း ဖော်ပြနိုင်သည့် အခြားအချက်အလက်များကို ရယူရန် ကြိုးစားပါ။
- ဘာသာစကားမျိုးစုံဖြင့် ရရှိနိုင်သော KYR အရင်းအမြစ်များအတွက် nyic.org/kyr သို့ ဝင်ရောက်ကြည့်ရှုပါ

### **ICE** သို့မဟုတ် **CBP** က ကျွန်ုပ်၏ အိမ် သို့မဟုတ် လုပ်ငန်းခွင်သို့ လာရောက်ပါက ကျွန်ုပ်တွင် ထပ်ဆောင်း အခွင့်အရေးများ ရှိပါသလား။

- သင်၏ အိမ်နှင့် အခြားသော "သီးခြားပိုင် နေရာများ" (ဥပမာ- လုပ်ငန်းခွင်အတွင်းရှိ ဝန်ထမ်းများသာ ဝင်ရောက်ခွင့်ရှိသည့် နေရာများ) သည် အများပြည်သူဆိုင်ရာ နေရာများတွင် မရှိသော အထူးအကာအကွယ်ပေးမှုများ ရှိပါသည်။
- အရာရှိများသည် သင့်ထံမှ သဘောတူခွင့်ပြုချက် ရရှိမှသာ သို့မဟုတ် တရားသူကြီးတစ်ဦးက လက်မှတ်ရေးထိုးထားသည့် တရားရုံးဝရမ်းစာကို သင့်အား ပြသနိုင်မှသာ အဆိုပါ သီးခြားပိုင် နေရာများအတွင်းသို့ ဝင်ရောက်နိုင်ပါသည်။
- ICE က သင့်အိမ်သို့ လာပါက တံခါးကို ပိတ်ထားနိုင်သည် သို့မဟုတ် "ကျွန်ုပ် ရှာဖွေခြင်းကို သဘောမတူပါ" ဟု ပြောဆိုနိုင်ပြီး တရားရုံးဝရမ်းစာကို ပြသရန် တောင်းဆိုနိုင်ပါသည်။

**အကူအညီရယူနိုင်မည့် အရင်းအမြစ်များ**

**Know Your Rights Wallet Card:**

**Know Your Rights Curriculum:**

**Know Your Rights with CBP:**

**Immigration Enforcement at the Workplace:**

# သင်၏ အခွင့်အရေးများကို သိရှိပါ

## လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ဥပဒေတင်းကျပ်ဆောင်ရွက်မှုများ



### အကယ်၍ **ICE** သို့မဟုတ် **CBP** က ဖမ်းဆီးမှုတစ်ခု ပြုလုပ်နေသည်ကိုဖြစ်စေ၊ ဝင်ရောက်စီးနင်းရှာဖွေမှု တစ်ခု လုပ်ဆောင်နေသည်ကိုဖြစ်စေ ကျွန်ုပ်တွေ့ရှိပါက မည်သို့လုပ်ဆောင်နိုင်သနည်း။

- သင်သည် ICE သို့မဟုတ် CBP က ဖမ်းဆီးမှုတစ်ခု ပြုလုပ်နေသည်ကို တွေ့ရှိပါက တည်ငြိမ်စွာနေပြီး သင်၏ အခွင့်အရေးများကို မှတ်သားထားပါ။
- အရာရှိများ၏ အဝတ်အစားများနှင့် မော်တော်ယာဉ်များကို ဂရုတစိုက် ကြည့်ရှုထားပါ၊ ထို့ပြင် ၎င်းတို့အပေါ်တွင် ပါရှိသော စာသား သို့မဟုတ် သင်္ကေတတစ်ခုခုကို မှတ်သားထားပါ။
- သင်သည် ဘေးကင်းလုံခြုံသည်ဟု ခံစားရပါက ဘာတွေဖြစ်ပျက်နေသည်ဆိုသည်ကို ဗီဒီယို သို့မဟုတ် ဓာတ်ပုံများ ရိုက်ကူးထားပါ။ ဖြစ်ပျက်နေသည့် အကြောင်းအရာ အသေးစိတ်ကိုလည်း စာဖြင့် ရေးမှတ်ထားနိုင်ပါသည်။
  - ဘေးကင်းလုံခြုံစွာ နေပါ။ အရာရှိများ၏ လုပ်ငန်းဆောင်ရွက်မှုများကို ဝင်ရောက်စွက်ဖက်ခြင်း မပြုပါနှင့်။
- သင့်လျော်ပါက ဥပဒေတင်းကျပ် ဆောင်ရွက်မှုဆိုင်ရာ သတင်းအချက်အလက်များကို သင်၏ယုံကြည်ရသော ကွန်ရက်များထံ မျှဝေပါ။ ဒေသအများအပြားတွင် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ဥပဒေတင်းကျပ် ဆောင်ရွက်မှုများကို သတင်းပို့တိုင်ကြားနိုင်သည့် ဟော့လိုင်းနံပါတ်များ ရှိပါသည်။
- သင်ကိုယ်တိုင် သို့မဟုတ် သင်ယုံကြည်ရသူတစ်ဦးဦး ကိုယ်တိုင် မျက်မြင်တွေ့ရှိခဲ့သည့် အတည်ပြုပြီးသား အချက်အလက်များကိုသာ သေချာပေါက် မျှဝေပါ။ မှတ်သားထားရန်မှာ- ကြောက်ရွံ့ထိတ်လန့်မှု မဟုတ်ဘဲ အဖြစ်မှန်ကိုသာ မျှဝေရန်ဖြစ်သည်။
- ထိခိုက်နစ်နာရသော လူပုဂ္ဂိုလ်များ သို့မဟုတ် မိသားစုများကို ကူညီပံ့ပိုးပေးပါ။ အကယ်၍ တစ်ဦးဦး ဖမ်းဆီးထိန်းသိမ်းခံရပါက သို့မဟုတ် ဖမ်းဆီးခံရပါက ၎င်းတို့၏ မိသားစုများနှင့် ချစ်ခင်ရသူများကို ကူညီစောင့်ရှောက်နိုင်ရန် သင်ယုံကြည်ရသော လူထုအခြေပြုအဖွဲ့အစည်းများနှင့် ပူးပေါင်းလုပ်ဆောင်ပါ။
- သင်ယုံကြည်ရသည့် လူဝင်မှုကြီးကြပ်ရေး ရှေ့နေတစ်ဦးထံမှ အကြံဉာဏ်ရယူပါ။
- သင်သည် ICE သို့မဟုတ် CBP ကို တွေ့ရှိပါက မည်သို့လုပ်ဆောင်ရမည်နည်းဟူသော အရင်းအမြစ်အတွက် nyic.org/kyr သို့ ဝင်ရောက်ပြီး “If You See Immigration Enforcement” (လူဝင်မှုကြီးကြပ်ရေး ဥပဒေတင်းကျပ်ဆောင်ရွက်မှုကို တွေ့ရှိပါက) ဟူသော စာရွက်စာတမ်းကို ရှာဖွေဖတ်ရှုပါ။

### ကျွန်ုပ် သို့မဟုတ် ကျွန်ုပ်၏ မိသားစု ဖမ်းဆီးထိန်းသိမ်းခံရသည့် အခြေအနေမျိုးအတွက် မည်သို့ကြိုတင်ပြင်ဆင်နိုင်သနည်း။

- သင်သည် အမေရိကန် နိုင်ငံသား မဟုတ်သည့်အပြင် သင့်တွင် ကလေးများ ရှိပါက၊ သင်သည် ICE၊ CBP သို့မဟုတ် အခြား ဖက်ဒရယ် အေးဂျင့်၏ ဖမ်းဆီးခြင်း ခံရဖူးပါက သင့်အနေဖြင့် ကြိုတင် စီစဉ်ထားသင့်ပါသည်။
- ပြင်ဆင်ရန်၊ သင်သည်-
  - အရေးကြီးသော စာရွက်စာတမ်းများကို အခြားမိသားစုဝင်များပါ သိသည့် လုံခြုံသောနေရာတွင် ထားရှိသင့်သည်။
  - သင့်ကလေးများကို သင် မစောင့်ရှောက်နိုင်ပါက မည်သူ့အား ကလေးများကို စောင့်ရှောက်စေချင်သလဲ ဆုံးဖြတ်ပါ။
  - သင့်ကလေးများကို စောင့်ရှောက်သူအဖြစ် တစ်စုံတစ်ဦးကို တရားဝင်သတ်မှတ်ပါ။
    - စောင့်ရှောက်သူတစ်ဦးကို တရားဝင်သတ်မှတ်ရန် အသုံးအများဆုံး နည်းလမ်းနှစ်ခုမှာ-
      - မိဘနှင့် ဆွေမျိုးတော်စပ်သော ပုဂ္ဂိုလ်ကို သတ်မှတ်ခြင်း
      - ယာယီ ထိန်းသိမ်းစောင့်ရှောက်မှု
  - ခရီးသွား ခွင့်ပြုချက်ဖောင် သို့မဟုတ် ကျောင်းအရေးပေါ်ဆက်သွယ်ရေး ဖောင်အပါအဝင် သင့်ကလေးအတွက် နောက်ထပ်ဖောင်ပုံစံများကို ဖြည့်စွက်ပါ။
  - ကိုယ်စားလှယ်လွှဲစာ ဖောင်ကို ဖြည့်စွက်ရန်လည်း သင်စဉ်းစားလိုပေမည်။
- နောက်ထပ် အချက်အလက်များအတွက် nyic.org/kyr သို့ ဝင်ရောက်ပြီး “Family Preparedness” (မိသားစုကြိုတင်ပြင်ဆင်မှု) ကဏ္ဍကို ရှာဖွေကြည့်ရှုပါ။

### အကူအညီရယူနိုင်မည့် အရင်းအမြစ်များ

**If You See Immigration Enforcement:**

**Family Preparedness Guide:**

**Family Preparedness Forms:**

# သင်၏ အခွင့်အရေးများကို သိရှိပါ

## လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ဖမ်းဆီးထိန်းသိမ်းခြင်း

### ကျွန်ုပ် ဖမ်းဆီးထိန်းသိမ်းခံရလျှင် ကျွန်ုပ်တွင် မည်သည့်အခွင့်အရေးများ ရှိသနည်း။

- ထိန်းသိမ်းခံရသည့်တိုင် သင့်တွင် အခွင့်အရေးများ ရှိသည်ကို သတိရပါ။
  - သင့်တွင် နှုတ်ဆိတ်နေပိုင်ခွင့်ရှိပြီး မေးခွန်းများကို ဖြေဆိုရန် မလိုပါ။
  - သင့်တွင် ရှေ့နေတစ်ဦးနှင့် တိုင်ပင်ဆွေးနွေးပိုင်ခွင့် သို့မဟုတ် ရှေ့နေတစ်ဦးကို ရှာဖွေရန် အချိန်ယူပိုင်ခွင့် ရှိပါသည်။
  - သင့်တွင် ဖမ်းဆီးထိန်းသိမ်းခံထားရစဉ်အတွင်း ရှေ့နေတစ်ဦးက လာရောက်တွေ့ဆုံမှုကို လက်ခံပိုင်ခွင့် ရှိပါသည်။
  - သင့်တွင် ဖုန်းခေါ်ဆိုခွင့် ရှိပါသည်။ သင်သည် ရှေ့နေ သို့မဟုတ် သင်၏ မိသားစုထံသို့ ဖုန်းခေါ်ဆိုနိုင်ပါသည်။
  - သင့်တွင် မိမိနိုင်ငံ၏ ကောင်စစ်ဝန်ရုံးသို့ ဆက်သွယ်ပိုင်ခွင့် ရှိပါသည်။
  - သင်သည် မည်သည့်စာရွက်စာတမ်းကိုမျှ လက်မှတ်ရေးထိုးရန် မလိုပါ။

### တစ်ဦးဦး မည်သည့်နေရာတွင် ဖမ်းဆီးထိန်းသိမ်းခံထားရသည်ကို ကျွန်ုပ် မည်သို့ ရှာဖွေနိုင်မည်နည်း။

- ICE အချုပ်အနှောင်အောက်တွင် လက်ရှိ ရှိနေသော လူတစ်ဦးကို ရှာဖွေရန်-
  - locator.ice.gov သို့ သွား၍ ထိုလူ၏-
    - အမည်၊ မွေးဖွားရာနိုင်ငံနှင့် မွေးသက္ကရာဇ် သို့မဟုတ်
    - ဂဏန်း-9 လုံးပါ A-နံပါတ် ထည့်ပါ
  - ICE တည်နေရာဖော်ပြသူသည် တစ်ဦးချင်းစီကို မည်သည့်နေရာတွင် ထိန်းသိမ်းထားကြောင်း ဖော်ပြသင့်သော်လည်း ၎င်းတို့ကို ဤစနစ်တွင် ဖော်ပြရန် အချိန်တစ်ခုထိ ကြာနိုင်သည်။
  - သင်ချစ်ခင်ရသူကို သီးခြား ICE ထိန်းသိမ်းရေးစခန်းတွင် ထိန်းသိမ်းထားနိုင်သည်ဟု သင်ထင်ပါက၊ ၎င်းတို့ကို သင် ရှာဖွေနိုင်သည်-
    - ၎င်းတို့ကို accesscorrections.com တွင် ရှာဖွေနိုင်ပါသည်။ ၎င်းတို့၏အမည် ပေါ်လာပါက၊ ၎င်းတို့ကို သင် ရွေးချယ်ထားသော အဆောက်အအုံတွင် ထိန်းသိမ်းခံရနိုင်ခြေ များပါသည်။
    - အဆောက်အအုံအား ice.gov/detention-facilities တွင် တိုက်ရိုက်ဆက်သွယ်ပါ။
  - ဤအွန်လိုင်းစနစ်များကို အသုံးပြု၍ တစ်စုံတစ်ဦးကို သင်ရှာမတွေ့ပါက၊ သင်သည် ICE ဥပဒေစိုးမိုးရေးနှင့် ဖယ်ရှားရေး လုပ်ငန်းစဉ် (ERO) နယ်မြေရုံးသို့ ဆက်သွယ်နိုင်သည်- ice.gov/contact/field-offices
  - ဖမ်းဆီးခံထားရသူ သို့မဟုတ် ရွှေ့ပြောင်းနေထိုင်သူ ထိန်းသိမ်းရေးစခန်းတွင် ရှာဖွေတွေ့ရှိခြင်းဆိုင်ရာ နောက်ထပ် အချက်အလက်များအတွက် nilc.org/အကူအညီရယူနိုင်မည့် အရင်းအမြစ်များ/how-to-find-a-loved-one-after-a-u-s-immigration-arrest/ တွင် ဝင်ရောက်ကြည့်ရှုပါ။
    - ဤအရင်းအမြစ်ကို အင်္ဂလိပ်၊ အာရဗီ၊ တရုတ်၊ ဟေတီ၊ ကိုရီးယား၊ တက်ဂါလော့၊ ဗီယက်နမ်နှင့် စပိန် အပါအဝင် ဘာသာစကား 9 မျိုးဖြင့် ရနိုင်ပါသည်။

### ကျွန်ုပ် ထိန်းသိမ်းခံရပါက အထောက်အကူပြု အရင်းအမြစ်များကို မည်သို့ ရယူနိုင်မည်နည်း။

- အရင်းအမြစ်များနှင့် ချိတ်ဆက်ရန် လူဝင်မှုကြီးကြပ်ရေး ထိန်းသိမ်းရေး ဟော့လိုင်းကို သင်ဖုန်းခေါ်ဆိုနိုင်ပါသည်။
- အမျိုးသား လူဝင်မှုကြီးကြပ်ရေး ထိန်းသိမ်းရေး ဟော့လိုင်းကို ဖုန်းခေါ်ဆိုရန် အဆောက်အဦဖုန်းမှ 9233# ကို ဖုန်းခေါ်ဆိုပါ။ အဆိုပါ ဟော့လိုင်းသည် အခမဲ့ဖြစ်ပြီး စောင့်ကြည့်မှုမရှိဘဲ တနင်္လာနေ့မှ သောကြာနေ့ မနက် 11 မှ ည 11 အထိ ရရှိနိုင်ပါသည်။
- Buffalo ဖက်ဒရယ် ထိန်းသိမ်းရေး အဆောက်အဦအတွက် ရရှိနိုင်သည့် ရွှေ့ပြောင်းနေထိုင်သူ မိသားစုများအတွက် တရားမျှတမှု ဟော့လိုင်းကို ဖုန်းခေါ်ဆိုရန် 716-427-4917 မှတစ်ဆင့် တနင်္လာနေ့မှ ကြာသပတေးနေ့၊ နေ့လည် 2-4နာရီ နှင့် ည 6-8နာရီ အတွင်း ဖုန်းခေါ်ဆိုပါ။

### အကူအညီရယူနိုင်မည့် အရင်းအမြစ်များ

**Immigration Detention Support:**

**NILC's Guide "How to Find a Loved One after a U.S. Immigration Arrest":**

# သင်၏ အခွင့်အရေးများကို သိရှိပါ

## Immigration Court

### ကျွန်ုပ်တွင် လူဝင်မှုကြီးကြပ်ရေး တရားရုံးရက်ချိန်း ရှိ၊ မရှိ နှင့် မည်သည့်အချိန်တွင် ရှိသနည်း ဆိုသည်ကို ကျွန်ုပ် မည်သို့ ရှာဖွေနိုင်မည်နည်း။

- ICE အချုပ်အနှောင်အောက်တွင် လက်ရှိ ရှိနေသော လူတစ်ဦးကို ရှာဖွေရန်- locator.ice.gov သို့ သွား၍ ထိုလူ၏-
  - အမည်၊ မွေးဖွားရာနိုင်ငံနှင့် မွေးသက္ကရာဇ် သို့မဟုတ်
  - ဂဏန်း-9 လုံးပါ A-နံပါတ် ထည့်ပါ

### ကျွန်ုပ်သည် ဥပဒေကြောင်းအရ အကူအညီများကို မည်သည့်နေရာတွင် ရှာဖွေနိုင်မည်နည်း။

- လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ဥပဒေအကူအညီများအတွက် အချက်အလက်နှင့် လမ်းညွှန်ချက်များ ရယူရန် နယူးယောက် ပြည်နယ် ရွှေ့ပြောင်းနေထိုင်သူ အသစ်များဆိုင်ရာရုံး၏ ဟော့လိုင်းနံပါတ် 1-800-566-7636 သို့ ဆက်သွယ်နိုင်ပါသည်။
- နယူးယောက်မြို့တွင်း နေထိုင်သူများအနေဖြင့် MOIA ဌာန၏ လူဝင်မှုကြီးကြပ်ရေး ဥပဒေကူညီပံ့ပိုးမှု ဟော့လိုင်း နံပါတ် 1-800-354-0365 သို့မဟုတ် 311 သို့ ခေါ်ဆိုပြီး “Immigration Legal” ဟု ပြောဆို၍လည်းကောင်း ဆက်သွယ် အကူအညီတောင်းခံနိုင်ပါသည်။
- တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အခမဲ့ သို့မဟုတ် ကုန်ကျစရိတ်သက်သာသော လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ဥပဒေရေးရာ ဝန်ဆောင်မှုများကို ပေးအပ်သည့် အကျိုးအမြတ်မယူသော အဖွဲ့အစည်းများ စာရင်းကို ရှာဖွေရန် www.immigrationadvocates.org/legaldirectory သို့ ဝင်ရောက်ကြည့်ရှုပါ
- လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ လိမ်လည်လှည့်ဖြားမှုများကို သတိပြုပါ။
  - လူဝင်မှုကြီးကြပ်ရေး ဥပဒေသည် ရှုပ်ထွေးလှပါသည်။ သင်၏ အခြေအနေများနှင့် ပတ်သက်၍ မည်သည့်လူပုဂ္ဂိုလ် သို့မဟုတ် စီးပွားရေးလုပ်ငန်းနှင့်မဆို ဆွေးနွေးတိုင်ပင်သည့်အခါ အထူးဂရုပြုပါ။
  - သင်၏ လက်ရှိအခြေအနေအပေါ် ဥပဒေကြောင်းအရ အကြံဉာဏ်ရယူရန်အတွက် ရှေ့နေတစ်ဦး သို့မဟုတ် တရားရေး ဝန်ကြီးဌာန (DOJ) က တရားဝင်အသိအမှတ်ပြုထားသော ကိုယ်စားလှယ် တစ်ဦးဦးနှင့်သာ စကားပြောဆို ဆွေးနွေး သင့်ပါသည်။

### ဖမ်းဆီးထိန်းသိမ်းခံရရာမှ ပြန်လည် လွတ်မြောက်လာသူတစ်ဦးကို ကျွန်ုပ် မည်သို့ ကူညီပံ့ပိုးပေး နိုင်မည်နည်း။

- ခံဝန်ချက်ငွေ ဆိုသည်မှာ ဖမ်းဆီးထိန်းသိမ်းခံရသူ ပြန်လည်လွတ်မြောက်လာပါက ၎င်းတို့၏ ကြားနာစစ်ဆေးမှု ရက်ချိန်း အားလုံးအတွက် တရားရုံးသို့ ပျက်ကွက်ခြင်းမရှိဘဲ လာရောက်ပါမည်ဟု အာမခံချက်ပေးရန် DHS ထံ ပေးဆောင်ရသော ငွေကြေးဖြစ်ပါသည်။
- သင်ချစ်ရသူတစ်ဦးသည် အာမခံငွေထားရှိ၍ ထိန်းသိမ်းခံရခြင်းမှ လွတ်မြောက်ဖို့အတွက် သတ်မှတ်ခံရပေမယ့် ၎င်းတို့ မတတ်နိုင်သောအခါ ၎င်းတို့သည် ငွေချေးစာချုပ်ရန်ပုံငွေမှ ချေးငွေအကူအညီအတွက် အရည်အချင်းပြည့်မီနိုင်ပါသည်။
- နယူးယောက်ပြည်နယ်ရှိ ငွေချေးစာချုပ်များဆိုင်ရာ အချက်အလက်အတွက် envisionfreedom.org/get-support သို့ ဝင်ရောက်ကြည့်ရှုပါ
- နိုင်ငံတစ်ဝှမ်း ငွေချေးစာချုပ် ရန်ပုံငွေစာရင်းအတွက် bit.ly/localbailfunds သို့ ဝင်ရောက်ကြည့်ရှုပါ

### အကူအညီရယူနိုင်မည့် အရင်းအမြစ်များ

**EOIR Automated Case Information for Immigration Court:**

**Immigrant Advocates Network Legal Directory:**

**Envision Freedom's bond/ post-release resources:**

# ကျန်းမာရေး

## ကျန်းမာရေးအာမခံ ရယူအသုံးပြုခြင်း

### ကျန်းမာရေးအာမခံဆိုသည်မှာ မည်သည့်အရာဖြစ်သလဲ၊ မည်သူတွေ အကျုံးဝင်ပါသလဲ။

- ကျန်းမာရေးအာမခံသည် ဆရာဝန်ထံ ပြသခြင်း၊ ဆေးရုံတက်ခြင်း၊ ဆရာဝန်ညွှန်ကြားချက်ပါ ဆေးဝါးများ ဝယ်ယူခြင်းနှင့် အရေးပေါ်လူနာ ဝန်ဆောင်မှုများ ကဲ့သို့သော ဆေးဝါးကုသမှု ကုန်ကျစရိတ်များကို ပေးချေရန် ကူညီပေးပါသည်။ ၎င်းသည် ကျန်းမာရေးစောင့်ရှောက်မှု ကုန်ကျစရိတ်များကို ပိုမိုသက်သာစေနိုင်ပြီး မြင့်မားလှသော ဆေးဝါးကုသစရိတ်(များ)၏ ဒဏ်မှ သင့်ကို ကာကွယ်ပေးနိုင်ပါသည်။
- လူအများအပြားသည် ကျန်းမာရေးအာမခံ လျှောက်ထားရန် အရည်အချင်း ကိုက်ညီကြသည်။ သင်၏ အလုပ်အကိုင်၊ ဝင်ငွေ၊ အသက်အရွယ်၊ မသန်စွမ်းမှု၊ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ အဆင့်အတန်း စသည်တို့အပေါ် မူတည်၍ မတူညီသော အာမခံအစီအစဉ်များအတွက် အကျုံးဝင်နိုင်ပါသည်။
- သင်သည် ကျန်းမာရေးအာမခံ လျှောက်ထားရန် အရည်အချင်းကိုက်ညီမှု ရှိ၊ မရှိ စစ်ဆေးရန် nystateofhealth.ny.gov သို့ ဝင်ရောက်ကြည့်ရှုပါ

### တရားမဝင် ရွှေ့ပြောင်းနေထိုင်သူများသည် ကျန်းမာရေးအာမခံ လျှောက်ထားခွင့် ရှိပါသလား။

- သင်၏ အသက်အရွယ် နှင့်/သို့မဟုတ် ဝင်ငွေအပေါ် မူတည်၍ ကျန်းမာရေးအာမခံ လျှောက်ထားရန် အရည်အချင်း ကိုက်ညီနိုင်ပါသည်။
- နယူးယောက်ပြည်နယ်တွင် နေထိုင်ပြီး အသက် 65 နှစ်နှင့် အထက်ရှိကာ သတ်မှတ်ထားသော ဝင်ငွေကန့်သတ်ချက်များနှင့် ကိုက်ညီသည့် တရားမဝင် ရွှေ့ပြောင်းနေထိုင်သူများသည် Medicaid အစီအစဉ်ကို လျှောက်ထားခွင့် ရှိပါသည်။
- အသက် 19 နှစ်အောက် တရားမဝင် ရွှေ့ပြောင်းနေထိုင်သူ ကလေးသူငယ်များသည် မိသားစုဝင်ငွေ သို့မဟုတ် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ အဆင့်အတန်း မည်သို့ပင်ရှိစေကာမူ အခမဲ့ သို့မဟုတ် ကုန်ကျစရိတ် သက်သာသော ကျန်းမာရေးအာမခံ ပေးအပ်သည့် ကလေးသူငယ်ကျန်းမာရေးအာမခံ (Child Health Plus- CHP) အစီအစဉ်ကို လျှောက်ထားခွင့် ရှိပါသည်။

### ကျွန်ုပ်သည် ကျန်းမာရေးအာမခံကို မည်သို့ စာရင်းသွင်းရမည်နည်း။

- နယူးယောက်ပြည်နယ်အတွင်း နေထိုင်သူများသည် အများပြည်သူဆိုင်ရာ ကျန်းမာရေးအာမခံနှင့် ပုဂ္ဂလိက ကျန်းမာရေးအာမခံများကို နယူးယောက်ပြည်နယ် ကျန်းမာရေးအာမခံဈေးကွက် မှတစ်ဆင့် ရယူနိုင်ပါသည်။
    - သင်သည် Medicaid၊ အဆင့်မြင့် အာမခံအစီအစဉ် သို့မဟုတ် ကလေးသူငယ် ကျန်းမာရေးအာမခံတို့အတွက် အရည်အချင်းကိုက်ညီပါက တစ်နှစ်ပတ်လုံး မည်သည့်အချိန်တွင်မဆို စာရင်းသွင်း လျှောက်ထားနိုင်ပါသည်။
    - သင်သည် ACA ဈေးကွက်မှတစ်ဆင့် ပုဂ္ဂလိက ကျန်းမာရေးအာမခံကို ရယူမည်ဆိုပါက လာမည့် ပုံမှန်စာရင်းသွင်းကာလသည် နိုဝင်ဘာလ 1 ရက်၊ 2026 မှ ဒီဇင်ဘာလ 15 ရက်၊ 2026 အထိ ကြာမြင့်မည်ဖြစ်ပြီး၊ ဤကာလသည် ယခင်နှစ်များနှင့် နှိုင်းယှဉ်ပါက သိသိသာသာ ပိုမိုတိုတောင်းသွားပါသည်။
        - သင်သည် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ အဆင့်အတန်း ပြောင်းလဲခြင်း၊ ဝင်ငွေအပြောင်းအလဲရှိခြင်း၊ အိမ်ပြောင်းခြင်း စသည်တို့ ဖြစ်ပွားပြီးနောက် ရရှိနိုင်သည့် အထူးစာရင်းသွင်းခွင့် ကာလအတွက် အရည်အချင်း ကိုက်ညီပါက ပုံမှန်စာရင်းသွင်းကာလ သတ်မှတ်ချက် ပြင်ပတွင်လည်း စာရင်းသွင်း လျှောက်ထားနိုင်ခြေ ရှိပါသည်။
- စာရင်းပေးသွင်းပုံ
    - လမ်းညွှန်သူထံမှ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ စာရင်းသွင်းအကူအညီ ရယူပါ။ လမ်းညွှန်သူကို info.nystateofhealth.ny.gov/ ipanavigatorsitelocations တွင် ရှာဖွေပါ။
    - NY ပြည်နယ်ကျန်းမာရေးဌာန သုံးစွဲသူဝန်ဆောင်မှုနံပါတ် 1-855-355-5777 (TTY: 1-800-662-1220) သို့ ဖုန်းခေါ်ဆိုပါ။
    - အွန်လိုင်းမှ ဆောင်ရွက်လိုပါက nystateofhealth.ny.gov သို့ ဝင်ရောက်ပါ။ သင့်လျှောက်လွှာကို ပြည့်စုံစွာ ဖြည့်သွင်းနိုင်ဖို့ ရုံးချိန်အတွင်း ကူညီပေးမည့် သုံးစွဲသူဝန်ဆောင်မှု ဝက်ဘ်ဆိုက်ဖြစ်ပြီး ဆွေးနွေးရန် စကားပြောခန်းတစ်ခု ရှိပါသည်။
    - နယူးယောက်မြို့တွင် နေထိုင်သူများ- အကူအညီနှင့် နောက်ထပ် အရင်းမြစ်များအတွက် 311 ကိုခေါ်ပါ၊ 877-877 သို့ "CoveredNYC" ဟု စာတိုပေးပို့ပါ သို့မဟုတ် on.nyc.gov/healthinsurance သို့ ဝင်ကြည့်ပါ။
- ကျန်းမာရေးအာမခံအကြောင်းကို ဘာသာစကားမျိုးစုံဖြင့် ရှာဖွေနိုင်ရန် info.nystateofhealth.ny.gov/InformationalMaterials

### အကူအညီရယူနိုင်မည့် အရင်းအမြစ်များ

**New York State of Health Website:**

**NYS Health Multilingual Resources:**

# ကျန်းမာရေး

## ကျန်းမာရေးစောင့်ရှောက်မှု ဝန်ဆောင်မှုများ ရယူအသုံးပြုခြင်း

### ကျန်းမာရေးအာမခံ မရှိသူများအတွက် ရရှိနိုင်သော ဝန်ဆောင်မှုများ ရှိပါသလား။

- သင့်တွင် ကျန်းမာရေးအာမခံ လျှောက်ထားရန် အရည်အချင်း မပြည့်မီသည့်တိုင်အောင် အရေးပေါ် ဆေးဝါးကုသမှု ဝန်ဆောင်မှုများကို ဆက်လက် ရရှိနိုင်သည့်အပြင်၊ လူထုအခြေပြု ကျန်းမာရေးစင်တာများ၊ ဆေးခန်းများနှင့် ဒေသတွင်း ကျန်းမာရေး အစီအစဉ်များကိုလည်း ဆက်သွယ်ရယူနိုင်ခြေ ရှိပါသည်။
- ဖက်ဒရယ်အစိုးရအသိအမှတ်ပြု ကျန်းမာရေးစင်တာများ (FQHCs) အနေဖြင့် လူတစ်ဦးချင်းစီ၏ ငွေကြေးပေးချေနိုင်စွမ်း သို့မဟုတ် ကျန်းမာရေးအာမခံ မရှိခြင်းတို့အပေါ် မူမတည်ဘဲ ကျန်းမာရေးစောင့်ရှောက်မှုကို မဖြစ်မနေ ပေးအပ်ရမည်။ ၎င်းတို့သည် မိသားစုဝင်ငွေအပေါ် မူတည်၍ ကျသင့်ငွေကို လျှော့ချပေးသည့် စနစ်ဖြင့် ဝန်ဆောင်မှုပေးပြီး၊ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ အဆင့်အတန်း သက်သေခံ အထောက်အထားများကို တောင်းခံခြင်း လုံးဝမပြုပါ။
    - သင့်အနီးအနားရှိ ဖက်ဒရယ်အစိုးရ အသိအမှတ်ပြု ကျန်းမာရေးစင်တာကို ရှာဖွေရန် findahealthcenter.hrsa.gov သို့ ဝင်ရောက်ကြည့်ရှုပါ
- ကျန်းမာရေးအာမခံ မရှိဘဲ ရယူအသုံးပြုနိုင်သည့် သီးခြား ကျန်းမာရေးစောင့်ရှောက်မှု ဝန်ဆောင်မှုအချို့လည်း ရှိပါသည်။
    - ကင်ဆာရောဂါ ရှာဖွေစစ်ဆေးခြင်းများ-
        - သင့်တွင် ကျန်းမာရေးအာမခံ မရှိပါက နယူးယောက်ပြည်နယ် အနေဖြင့် ရင်သားကင်ဆာ၊ သားအိမ်ခေါင်းကင်ဆာနှင့် အူမကြီးကင်ဆာများအတွက် အခမဲ့ စစ်ဆေးမှုများကို ပေးအပ်ပါသည်။
        - နောက်ထပ် သတင်းအချက်အလက်များအတွက် health.ny.gov/diseases/cancer/services သို့ ဝင်ရောက်ကြည့်ရှုပါ
- ကာကွယ်ဆေးများ-
    - သင့်တွင် ကျန်းမာရေးအာမခံ မရှိပါက နယူးယောက်ပြည်နယ်၏ လူကြီးများအတွက် ကာကွယ်ဆေးပေးဝေရေး အစီအစဉ် (VFA) အနေဖြင့် သတ်မှတ်ချက်နှင့် ကိုက်ညီသော လူကြီးများအတွက် ကာကွယ်ဆေးများကို အခမဲ့ ပေးအပ်ပါသည်။ အဆိုပါ ကာကွယ်ဆေးများကို VFA အစီအစဉ်တွင် ပါဝင်ထားသည့် ကျန်းမာရေးစောင့်ရှောက်မှု ဂေဟာများနှင့် ဆေးခန်းများမှတစ်ဆင့် ဖြန့်ဝေပေးခြင်း ဖြစ်ပါသည်။
    - နောက်ထပ် သတင်းအချက်အလက်များအတွက် health.ny.gov/prevention/immunization သို့ ဝင်ရောက်ကြည့်ရှုပါ
    - အကြံပြုထားသည့် ကာကွယ်ဆေးများစာရင်းကို သိရှိရန် bit.ly/vaccines26 သို့ ဝင်ရောက်ကြည့်ရှုပါ

### နယူးယောက်မြို့တွင်း နေထိုင်သူများအတွက် မည်သည့် ဝန်ဆောင်မှုများ ရရှိနိုင်သနည်း။

- NYC Care အစီအစဉ်သည် နယူးယောက်မြို့တွင်း နေထိုင်သူများကို မိသားစုဝင်ငွေ သို့မဟုတ် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ အဆင့်အတန်း မည်သို့ပင်ရှိစေကာမူ မြို့တော်၏ အများပြည်သူဆိုင်ရာ ကျန်းမာရေးစနစ်ဖြစ်သည့် Health+Hospitals နှင့် ချိတ်ဆက်ပေးပြီး ဆေးကုသခွင့် ရရှိစေပါသည်။
- NYC Care သည် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ အဆင့်အတန်းကို လုံးဝ မေးမြန်းစုံစမ်းခြင်း မပြုပါ။
- သင်သည် အောက်ပါအချက်များနှင့် ကိုက်ညီပါက NYC Care အစီအစဉ်ကို လျှောက်ထားရန် အရည်အချင်း ပြည့်မီပါသည်-
    - နယူးယောက်မြို့တွင် နေထိုင်သူဖြစ်ခြင်း
    - သင်၏ အလုပ်ရှင်ထံမှ ကျန်းမာရေးအာမခံ မရရှိထားခြင်း
    - နယူးယောက်ပြည်နယ်အတွင်း ရရှိနိုင်သော မည်သည့်ကျန်းမာရေးအာမခံ အစီအစဉ်အတွက်မျှ အရည်အချင်း ကိုက်ညီမှု မရှိခြင်း
    - အစိုးရ၏ လမ်းညွှန်ချက်များအရ ကျန်းမာရေးအာမခံ လျှောက်ထားရန် အရည်အချင်း ပြည့်မီမှု မရှိခြင်း
- လျှောက်ထားရန် နည်းလမ်း-
    - ဖုန်းဖြင့် လျှောက်ထားရန်- 646-692-2273 သို့ ဖုန်းခေါ်ဆိုပါ
    - လူကိုယ်တိုင် လျှောက်ထားရန်-
        - NYC Health + Hospitals ဆေးခန်း တည်နေရာတစ်ခုခုသို့ သွားရောက်ပါ
        - လူထုအခြေပြု အရပ်ဘက်အဖွဲ့အစည်း တစ်ခုခုသို့ သွားရောက်ပါ
        - MetroPlusHealth ရုံးခန်းတစ်ခုသို့ သွားရောက်ပါ
- နောက်ထပ် အချက်အလက်များအတွက် nyccare.nyc သို့ ဝင်ရောက်ကြည့်ရှုပါ

### အကူအညီရယူနိုင်မည့် အရင်းအမြစ်များ

**Find a federally qualified health center:**

**NYS Cancer Services:**

**NYS Vaccines:**

**NYC Cares:**

# ကျန်းမာရေး

## ကျန်းမာရေးစောင့်ရှောက်မှု နယ်ပယ်အတွင်း သင်၏ အခွင့်အရေးများကို သိရှိပါ

### **ICE** အနေဖြင့် ကျန်းမာရေးစင်တာတစ်ခုတွင် ဥပဒေတင်းကျပ်ဆောင်ရွက်ခြင်း သို့မဟုတ် ဖမ်းဆီးမှုများ ပြုလုပ်နိုင်ပါသလား။

- ဇန်နဝါရီလ၊ 2025 တွင် ထရန့်အစိုးရသည် ကျန်းမာရေးစောင့်ရှောက်မှု ဂေဟာများကဲ့သို့သော “အကဲဆတ်သည့် နေရာများ” သို့မဟုတ် “အကာအကွယ်ပေးထားသည့် နယ်မြေများ” ၌ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ဥပဒေတင်းကျပ် ဆောင်ရွက်မှုများကို ရှောင်ကြဉ်ရန် ICE နှင့် CBP တို့အား ညွှန်ကြားထားသည့် ကာလရှည်ကြာ ကျင့်သုံးခဲ့သော မူဝါဒကို ပယ်ဖျက်ခဲ့ပါသည်။ ၎င်းက ICE အရာရှိများသည် အများပြည်သူများ လွတ်လပ်စွာ သွားလာခွင့်ပြုထားသည့် ကျန်းမာရေးစင်တာများ၏ နယ်မြေများအတွင်းသို့ ဝင်ရောက်နိုင်သည်ဟု ဆိုလိုခြင်း ဖြစ်ပါသည်။
- သို့သော်လည်း အမေရိကန်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေ၏ စတုတ္ထမြောက် ပြင်ဆင်ချက်သည် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ အဆင့်အတန်း မည်သို့ပင်ရှိစေကာမူ လူတိုင်း၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ လွတ်လပ်ခွင့်ကို အကာအကွယ်ပေးထားပါသည်။ ကျန်းမာရေးစင်တာ အများစုတွင် အရာရှိများထံ၌ တရားသူကြီးလက်မှတ်ရေးထိုးထားသည့် တရားရုံးဝရမ်းစာ မပါရှိပါက လူဝင်မှုကြီးကြပ်ရေး ဥပဒေတင်းကျပ်ဆောင်ရွက်မှုများ ပြုလုပ်ခွင့်မရအောင် အကာအကွယ်ပေးထားသည့် သီးသန့်နေရာများ ရှိကြပါသည်။

### ကျန်းမာရေးစင်တာတစ်ခုတွင် **ICE** က ဝင်ရောက်နှောင့်ယှက်ခြင်း သို့မဟုတ် ဖမ်းဆီးမှုများ ပြုလုပ်ခြင်းကို တားဆီးရန် နယူးယောက်ပြည်နယ်၏ အကာအကွယ်ပေးမှုများ ရှိပါသလား။

- ယူးယောက်မြို့သားများသည် ကျန်းမာရေးစင်တာများအတွင်း အချို့သော အကာအကွယ်ပေးမှုများကို ရရှိထားပါသည်။
- 2018 ခုနှစ် နယူးယောက်ပြည်နယ် အုပ်ချုပ်ရေးအမိန့်အရ ICE အရာရှိများထံတွင် တရားရုံးဝရမ်းစာ မပါရှိပါက ပြည်နယ်အစိုးရပိုင် ဆေးရုံများကဲ့သို့သော နယူးယောက်ပြည်နယ်ပိုင် အဆောက်အအုံများနှင့် နေရာများတွင် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ဥပဒေတင်းကျပ်ဆောင်ရွက်မှုများ ပြုလုပ်ခြင်းကို တားမြစ်ထားပါသည်။
- မေလ 27 ရက်၊ 2026 တွင် အုပ်ချုပ်ရေးမှူး Hochul နှင့် နယူးယောက်ပြည်နယ် လွှတ်တော်တို့သည် အကဲဆတ်သောနေရာများ ကာကွယ်ရေးဥပဒေ ဟုခေါ်သော ဥပဒေသစ်တစ်ရပ်ကို အတည်ပြုပြဋ္ဌာန်းခဲ့ပြီး ယင်းဥပဒေသည် ဆေးရုံများကဲ့သို့သော "အကဲဆတ်သည့်နေရာများ" အနေဖြင့် တရားရုံးဝရမ်းစာ မပါရှိပါက လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ဥပဒေတင်းကျပ်ဆောင်ရွက်သူများကို ဝင်ရောက်ခွင့် ငြင်းပယ်နိုင်သည့် အခွင့်အာဏာ အပ်နှင်းထားပါသည်။

### ကျန်းမာရေးစင်တာတစ်ခု၏ မည်သည့်နေရာများကို "သီးသန့်နေရာများ" ဟု သတ်မှတ်ပါသနည်း။

- ICE နှင့် CBP အပါအဝင် ဥပဒေစိုးမိုးရေးအရာရှိများသည် ပုဂ္ဂိုလ်ရေးဆိုင်ရာ လွတ်လပ်ခွင့်ကို ကျိုးကြောင်းဆီလျော်စွာ မျှော်လင့်ပိုင်ခွင့်ရှိသော နေရာများတွင် ဝင်ရောက်ရှာဖွေခြင်း မပြုနိုင်ပါ။
- ဆေးရုံ/ဆေးခန်း အဆောက်အအုံတစ်ခုစီသည် တစ်ခုနှင့်တစ်ခု မတူညီကြသော်လည်း ဆရာဝန်ရုံးခန်းများ သို့မဟုတ် လူနာစစ်ဆေးရေးအခန်းများကို "သီးသန့်နေရာများ" ဟု သတ်မှတ်ရန် မျှော်လင့်ထားပါသည်။
- ဧည့်ကြိုခန်း ကဲ့သို့သော အများပြည်သူ လွတ်လပ်စွာ သွားလာနိုင်သည့် နေရာများကိုမူ "သီးသန့်နေရာ" ဟု သတ်မှတ်မည် မဟုတ်ကြောင်း၊ ထို့ကြောင့် ထိုနေရာများသည် အကာအကွယ်ပေးမှု ပိုမိုနည်းပါးသည်။

### လူနာများသည် မိမိကိုယ်ကို ကာကွယ်ရန် မည်သို့လုပ်ဆောင်နိုင်သနည်း။ ဆေးရုံများအနေဖြင့် ၎င်းတို့၏ လူနာများကို ဘေးကင်းလုံခြုံအောင် မည်သို့ စောင့်ရှောက်ပေးနိုင်သနည်း။

- သင့်ကိုယ်ကို ကာကွယ်ရန် လူနာများအနေဖြင့် အောက်ပါအချက်များကို လုပ်ဆောင်နိုင်ပါသည် -
  - ဆေးရုံ/ဆေးခန်း ရက်ချိန်းများသို့ သွားရောက်သည့်အခါနှင့် ပြန်လာသည့်အခါများတွင် မိမိနှင့်အတူ အဖော်အဖြစ် လိုက်ပါပေးရန် သူငယ်ချင်း သို့မဟုတ် လူထုအဖွဲ့အစည်းဝင် တစ်ဦးဦးအား တောင်းဆိုပါ
  - သင်၏ အခွင့်အရေးများကို သိရှိပါ
  - ICE သို့မဟုတ် CBP အရာရှိများနှင့် ထိပ်တိုက်တွေ့ဆုံရသည့် အခြေအနေမျိုး ကြုံတွေ့ရပါက အသုံးပြုနိုင်ရန် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားပြီး အစီအစဉ်တစ်ခု ချမှတ်ထားပါ
- လူနာများကို ဘေးကင်းလုံခြုံအောင် စောင့်ရှောက်ရန် ကျန်းမာရေးစောင့်ရှောက်မှု စင်တာများအနေဖြင့် အောက်ပါအချက်များကို လုပ်ဆောင်နိုင်ပါသည်-
  - သီးသန့်နေရာများကို ရှင်းလင်းပြတ်သားစွာ သတ်မှတ် ခွဲခြားပြသထားပါ
  - ICE နှင့် CBP အပါအဝင် ဥပဒေစိုးမိုးရေး အဖွဲ့အစည်းများနှင့် ထိပ်တိုက်ရင်ဆိုင်ကြုံတွေ့ရပါက လုပ်ဆောင်ရမည့် စနစ်တကျရှိသော လုပ်ထုံးလုပ်နည်းများကို တိကျစွာ ချမှတ်ထားပါ
  - ဝန်ထမ်းအားလုံးကို ၎င်းတို့၏ ရပိုင်ခွင့်များနှင့် တာဝန်ဝတ္တရားများအပေါ် သေချာစွာ လေ့ကျင့် သင်တန်းပေးထားပါ။
  - သင်၏ အခွင့်အရေးများကို သိရှိပါဆိုသည့် အချက်အလက်များကို ဘာသာစကားမျိုးစုံဖြင့် ကျန်းမာရေးစင်တာများ၏ နေရာအနှံ့အပြားတွင် ကပ်ထားပေးပါ
  - ပုဂ္ဂိုလ်ရေးဆိုင်ရာ လွတ်လပ်ခွင့် အကာအကွယ်များကို မှတ်သားထားပါ၊ ထို့ပြင် ဥပဒေစိုးမိုးရေး အဖွဲ့အစည်းများနှင့် လိုအပ်သည်ထက်ပိုသော အချက်အလက်များကို မျှဝေခြင်း မပြုပါနှင့်။
  - နောက်ထပ် အချက်အလက်များနှင့် အကြံပြုချက်များအတွက် aclu.org/documents/immigration-enforcement-guidance-for-health-centers သို့ ဝင်ရောက်ကြည့်ရှုပါ

# ကျောင်းများနှင့် ပညာရေး

## ပညာရေး သင်ကြားခွင့် ရယူခြင်း

### နယူးယောက်ပြည်နယ် အစိုးရကျောင်းများသို့ တက်ရောက်ရန် မည်သူတွေ အရည်အချင်းကိုက်ညီပါသလဲ။ ကျွန်ုပ်တွင် သတ်မှတ်ထားသော လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ အဆင့်အတန်းရှိရန် လိုအပ်ပါသလား။

- နယူးယော့ခ်ပြည်နယ်အနေဖြင့် လူဝင်မှုကြီးကြပ်ရေး အဆင့်များကို ပဓာနမထားဘဲ မူကြိုအဆင့်မှစပြီး အထက်တန်းကျောင်း လက်မှတ်ရသည်ထိ သို့မဟုတ် ကျောင်းသား/သူများ အသက် 21 နှစ်ရောက်သည့် အသက်အပိုင်းအခြား အထိ လွတ်လပ်မျှတသည့် ပညာရေးကို သင်ယူနိုင်ခွင့်ရှိဖို့ အာမခံထားပါသည်။
- အစိုးရကျောင်းများအနေဖြင့် လူဝင်မှုကြီးကြပ်ရေး အဆင့်အတန်းများကို မေးမြန်းသွားမည်မဟုတ်သလို ပုံမှန်ကျောင်းဖွင့် အစီအစဉ်တိုင်းအတွက် ကျောင်းသား/သူများ၏ အချက်အလက်များကိုလည်း မျှဝေသွားမည်မဟုတ်ပါ။ တိုးချဲ့အချိန်များပါသည့် အချို့သော အစောပိုင်းကလေးအရွယ်အစီအစဉ်များ တွင် လူဝင်မှုကြီးကြပ်ရေး သို့မဟုတ် ဝင်ငွေ အခြေပြုအကျုံးဝင်မှု လိုအပ်ချက်များရှိနိုင်သည်။

### ကျွန်ုပ်သည် အစိုးရကျောင်းတွင် မည်သို့ ကျောင်းအပ်ရမည်နည်း။

- ကျောင်းသား/သူများအနေဖြင့် NYS အစိုးရကျောင်း တစ်ကျောင်းသို့ တနှစ်ပတ်လုံး အချိန်မရွေး လျှောက်ထားပြီး စာရင်းသွင်းနိုင်ပါသည်၊ သို့သော်လည်း သမာရိုးကျ စာရင်းသွင်းကာလပြင်ပ အတွက် ကန့်သတ်အခြေအနေများ ရှိနိုင်သည်။
- နယူးယော့ခ်ပြည်နယ် အစိုးရကျောင်း အချက်အလက်များ
  - ဝင်ခွင့်လုပ်ငန်းစဉ်ဆိုင်ရာ အချက်အလက်အတွက် schools.nyc.gov/enrollment/enrollment-help/new-students သို့ ဝင်ရောက်ကြည့်ရှုပါ။
  - NYC ကျောင်းကို ရှာဖွေလျှောက်ထားရန်အတွက် myschools.nyc တွင် ဝင်ရောက်လေ့လာပါ သို့မဟုတ် 311 ကို ဖုန်းခေါ်ဆိုပါ၊ သို့မဟုတ် Family Welcome Center သို့ လေ့လာပါ။ Family Welcome Center တည်နေရာများကို schools.nyc.gov/fwc တွင် ရှာဖွေတွေ့ရှိနိုင်ပါသည်။
  - စာရင်းပေးသွင်းသည့် အချိန်ကာလသည် ကွဲပြားသောအဆင့်များပေါ် အခြေခံ၍ ပြောင်းလဲမှုရှိပါသည်။ 2024 ခုနှစ် ဝင်ခွင့်အချိန်ဇယားကို schools.nyc.gov/enroll တွင် ကြည့်ရှုပါ။

### ကျောင်းအပ်နှံသည့်အခါ ကျောင်းများက မည်သည့် သက်သေခံ စာရွက်စာတမ်းများကို တောင်းဆိုနိုင်ပါသလဲ။

- ကျောင်းသားသည် အဆိုပါ ကျောင်းနယ်မြေအတွင်း အမှန်တကယ် နေထိုင်ကြောင်း သက်သေအထောက်အထားကို ကျောင်းများက ကျောင်းသားများနှင့် မိဘများထံ တောင်းဆိုနိုင်ပါသည်။ ယင်းအထောက်အထားများတွင် အိမ်ငှားစာချုပ်များ၊ အသုံးစရိတ် မီတာဘေလ်များ၊ ဝင်ငွေခွန် ပုံစံစာရွက်များ သို့မဟုတ် သက်သေခံကတ်ပြား တစ်ခုခု ပါဝင်နိုင်ပါသည်။
- ကျောင်းများသည် အချို့သောအခြေအနေများတွင် လူကြီးတစ်ဦးသည် မိဘ သို့မဟုတ် တရားဝင် အုပ်ထိန်းသူဖြစ်ကြောင်း သက်သေအထောက်အထားကိုလည်း တောင်းဆိုနိုင်ပါသည်။
- သို့သော်လည်း နယူးယောက်ပြည်နယ် အစိုးရကျောင်းများသည် ကျောင်းသားများ သို့မဟုတ် ၎င်းတို့၏ မိဘများထံမှ လူမှုဖူလုံရေးနံပါတ် တောင်းခံခြင်း သို့မဟုတ် နိုင်ငံသား မဟုတ်သူများ၊ တရားမဝင် ရွှေ့ပြောင်းနေထိုင်သူ ကျောင်းသားများနှင့် အိမ်ငှားစာချုပ်မရှိဘဲ အိမ်ငှားနေထိုင်သူများအတွက် တင်ပြရန် ခက်ခဲသော သို့မဟုတ် မဖြစ်နိုင်သော အခြား အချက်အလက်များကို တောင်းဆိုခြင်း လုံးဝ မပြုလုပ်နိုင်ပါ။

### အရွယ်ရောက်ပြီး ကျောင်းသားများအတွက် မည်သည့်ပညာရေး ရွေးချယ်ခွင့်များ ရရှိနိုင်ပါသနည်း။

- နယူးယောက်ပြည်နယ်တွင် သင်သည် အသက် 21 နှစ် ပြည့်သည်အထိ ဖြစ်စေ၊ အထက်တန်း ကျောင်းဆင်းလက်မှတ် မရရှိမချင်းဖြစ်စေ အစိုးရကျောင်းသို့ တက်ရောက်နိုင်ခွင့် ရှိပါသည်။
- အင်္ဂလိပ်စာ သင်ယူလိုသော သို့မဟုတ် GED လက်မှတ် ရယူလိုသော အရွယ်ရောက်ပြီး ကျောင်းသားများအတွက်လည်း ရွေးချယ်ခွင့်များ ရှိပါသည်။
- သင့်အနီးနားရှိ လူကြီးပညာရေး အစီအစဉ်တစ်ခုကို ရှာဖွေရန် acces.nysed.gov/aepp/find-adult-education-program သို့ ဝင်ရောက်ကြည့်ရှုပါ

### အကူအညီရယူနိုင်မည့် အရင်းအမြစ်များ

**NYC Public Schools Enrollment Information:**

**NYS Adult Education Programs:**

# ကျောင်းများနှင့် ပညာရေး

## ပညာရေး သင်ကြားခွင့် ရယူခြင်း

### ကျောင်းသားများနှင့် မိဘများအနေဖြင့် ၎င်းတို့၏ ပညာသင်ကြားခွင့် ရပိုင်ခွင့်များ ချိုးဖောက်ခံရပါက မည်သို့လုပ်ဆောင်သင့်သနည်း။

- ကျောင်း သို့မဟုတ် ကျောင်းနယ်မြေ တစ်ခုခုသည် ကလေးတစ်ဦး၏ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ အဆင့်အတန်းကြောင့် ကျောင်းအပ်နှံခြင်းကို ဟန့်တားပိတ်ဆို့ရန် ကြိုးပမ်းနေသည်ဟု သင်ယူဆပါက နယူးယောက်ပြည်နယ် ရှေ့နေချုပ်ရုံးထံသို့ တိုင်ကြားစာ ပေးပို့နိုင်ပါသည်။
- နောက်ထပ် အချက်အလက်များနှင့် တိုင်ကြားလွှာပုံစံ ရယူရန် nysed.gov/data-privacy-security/parents-and-students-file-privacy-complaint သို့ ဝင်ရောက်ကြည့်ရှုပါ

### အစိုးရကျောင်းများက ဘာသာပြန်ဆိုခြင်းနှင့် စကားပြန် ဝန်ဆောင်မှုများကို ပေးပါသလား။

- ကျောင်းသားမိသားစုများအနေဖြင့် ကလေး၏ ပညာရေးနှင့် ပတ်သက်သော အရေးကြီးအချက်အလက်များ ပါဝင်သည့် စာရွက်စာတမ်းအားလုံးကို မိမိတို့နားလည်သည့် ဘာသာစကားသို့ အချိန်နှင့်တပြေးညီ စာဖြင့်ဘာသာပြန်ပေးခြင်းနှင့် နှုတ်ဖြင့် စကားပြန်ဆိုပေးခြင်းတို့ကို ရရှိနိုင်ရန် အခွင့်အရေး အပြည့်အဝ ပေးထားပါသည်။
- နယူးယောက်ပြည်နယ် အစိုးရကျောင်းများတွင် ဘာသာပြန်နှင့် စကားပြန်ဝန်ဆောင်မှုများ မည်သို့ တောင်းခံရမည်နည်း ဟူသော အချက်အလက်များအတွက် schools.nyc.gov/hello သို့ ဝင်ရောက်ကြည့်ရှုပါ သို့မဟုတ် ဖုန်းနံပါတ် 718-935-2013 သို့မဟုတ် 311 သို့ ဖုန်းခေါ်ဆိုပါ။

### ကောလိပ်/တက္ကသိုလ် ပညာရေးစရိတ်များကို ပိုမိုသက်သာစေရန်အတွက် ငွေကြေးဆိုင်ရာ အကူအညီ ရွေးချယ်ခွင့်များ ရှိပါသလား။

- မှန်ပါသည်၊ နယူးယောက်ပြည်နယ်၏ ငွေကြေးပံ့ပိုးမှုအစီအစဉ် အများအပြား ရှိပါသည်။
- ကျူရှင်အကူအညီအစီအစဉ် (TAP) သည် အရည်အချင်းပြည့်မီသော နယူးယောက်ပြည်နယ် နေထိုင်သူများအား NYS ရှိ ခွင့်ပြုထားသောကျောင်းများတွင် ကျူရှင်ပေးဆောင်ရန် ကူညီပေးသည်။
  - နှစ်စဉ် TAP ဆုသည် $5,665 အထိ ရှိနိုင်ပါသည်။ TAP သည် ထောက်ပံ့ကြေးဖြစ်သောကြောင့်၊ ၎င်းကို ပြန်လည်ပေးဆောင်ရန် မလိုအပ်ပါ။
  - ပိုမိုသိရှိလိုပါက သို့မဟုတ် လျှောက်ထားရန် hesc.ny.gov/tap သို့ ဝင်ရောက်ကြည့်ရှုပါ
- Excelsior ပညာသင်ဆု
  - Excelsior ပညာသင်ဆုသည် အခြားကျောင်းသား ငွေကြေးထောက်ပံ့မှုပရိုဂရမ်များနှင့်အတူ ကျောင်းသားများအား SUNY သို့မဟုတ် CUNY ကောလိပ်တွင် ကျူရှင်အခမဲ့ တက်ရောက်နိုင်သည်
  - နှစ်စဉ်ဝင်ငွေ $125,000 သို့မဟုတ် ထိုထက်နည်းသော မိသားစုများရှိသော ကျောင်းသားများသည် လျှောက်ထားရန် အရည်အချင်းပြည့်မီပါသည်။
  - ပိုမိုသိရှိလိုပါက သို့မဟုတ် လျှောက်ထားရန်၊ hesc.ny.gov/excelsior သို့ ဝင်ရောက်ကြည့်ရှုပါ
- အထက်လွှတ်တော်အမတ် José Peralta New York State DREAM အက်ဥပဒေသည် စာရွက်စာတမ်းမလိုဘဲ အခြားကျောင်းသားများကို ၎င်းတို့၏ အဆင့်မြင့်ပညာရေး ကုန်ကျစရိတ်များကို ပံ့ပိုးပေးသည့် NYS စီမံအုပ်ချုပ်မှုဆိုင်ရာ ထောက်ပံ့ကြေးများနှင့် ပညာသင်ဆုများကို ဝင်ရောက်ခွင့်ပေးသည်။
  - ပိုမိုသိရှိလိုပါက သို့မဟုတ် လျှောက်ထားရန်၊ hesc.ny.gov/dream သို့ ဝင်ရောက်ကြည့်ရှုပါ။

### အကူအညီရယူနိုင်မည့် အရင်းအမြစ်များ

**NYSED Complaint Form:**

**NYC Schools Interpretation/ Translation Information:**

**Tuition Assistance Program Info:**

**Excelsior Scholarship Info:**

**DREAM Act Scholarship Info:**

# ကျောင်းများနှင့် ပညာရေး

## ကျောင်းများအတွင်း သင်၏ အခွင့်အရေးများကို သိရှိပါ

### **ICE** အနေဖြင့် နယူးယောက်ပြည်နယ် အစိုးရကျောင်းတစ်ခုတွင် ဥပဒေတင်းကျပ်ဆောင်ရွက်ခြင်း သို့မဟုတ် ဖမ်းဆီးမှုများ ပြုလုပ်နိုင်ပါသလား။

- ဇန်နဝါရီလ၊ 2025 တွင် ထရန့်အစိုးရသည် ကျောင်းများကဲ့သို့သော "အကဲဆတ်သည့် နေရာများ" သို့မဟုတ် "အကာအကွယ်ပေးထားသည့် နယ်မြေများ" ၌ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ဥပဒေတင်းကျပ်ဆောင်ရွက်မှုများကို ရှောင်ကြဉ်ရန် ICE နှင့် CBP တို့အား ညွှန်ကြားထားသည့် ကာလရှည်ကြာ ကျင့်သုံးခဲ့သော မူဝါဒကို ပယ်ဖျက်ခဲ့ပါသည်။
- သို့သော်လည်း အမေရိကန်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေ၏ စတုတ္ထမြောက် ပြင်ဆင်ချက်သည် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ အဆင့်အတန်း မည်သို့ပင်ရှိစေကာမူ လူတိုင်း၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ လွတ်လပ်ခွင့်ကို အကာအကွယ်ပေးထားပါသည်။ ICE နှင့် အခြားအရာရှိများသည် တရားရုံးဝရမ်းစာ သို့မဟုတ် ပိုင်ရှင်၏ သဘောတူ ခွင့်ပြုချက်မပါဘဲ "သီးသန့်နေရာများ" အတွင်းသို့ ဝင်ရောက်နိုင်ခြင်း မရှိပါ။ ကျောင်းအဆောက်အအုံ အများစုတွင် အရာရှိများထံ၌ တရားရုံးဝရမ်းစာ မပါရှိပါက လူဝင်မှုကြီးကြပ်ရေး ဥပဒေတင်းကျပ်ဆောင်ရွက်မှုများ ပြုလုပ်ခွင့်မရအောင် အကာအကွယ်ပေးထားသည့် သီးသန့်နေရာများ ရှိကြပါသည်။

### ကျောင်းတစ်ခုတွင် **ICE** က ဝင်ရောက်နှောင့်ယှက်ခြင်း သို့မဟုတ် ဖမ်းဆီးမှုများ ပြုလုပ်ခြင်းကို တားဆီးရန် နယူးယောက်ပြည်နယ်၏ အကာအကွယ်ပေးမှုများ ရှိပါသလား။

- နယူးယောက်မြို့သားများသည် ကျန်းမာရေးစင်တာများအတွင်း အချို့သော အကာအကွယ်ပေးမှုများကို ရရှိထားပါသည်။
- 2018 ခုနှစ် နယူးယောက်ပြည်နယ် အုပ်ချုပ်ရေးအမိန့်အရ ICE အရာရှိများထံတွင် တရားရုံးဝရမ်းစာ မပါရှိပါက အစိုးရကျောင်းများကဲ့သို့သော နယူးယောက်ပြည်နယ်ပိုင် အဆောက်အအုံများနှင့် နေရာများတွင် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ဥပဒေတင်းကျပ်ဆောင်ရွက်မှုများ ပြုလုပ်ခြင်းကို တားမြစ်ထားပါသည်။
- မေလ 27 ရက်၊ 2026 တွင် အုပ်ချုပ်ရေးမှူး ဟိုချီနှင့် နယူးယောက်ပြည်နယ် လွှတ်တော်တို့သည် "အကဲဆတ်သောနေရာများ ကာကွယ်ရေးဥပဒေ" ဟုခေါ်သော ဥပဒေသစ်တစ်ရပ်ကို အတည်ပြုပြဋ္ဌာန်းခဲ့ပြီး ယင်းဥပဒေသည် ကျောင်းများကဲ့သို့သော "အကဲဆတ်သည့်နေရာများ" အနေဖြင့် တရားရုံးဝရမ်းစာ မပါရှိပါက လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ဥပဒေတင်းကျပ်ဆောင်ရွက်သူများကို ဝင်ရောက်ခွင့် ငြင်းပယ်နိုင်ခွင့် အာဏာအပ်နှင်းထားပါသည်။

### ကျောင်းသားများ ကျောင်းသို့ သွားနေစဉ် သို့မဟုတ် ကျောင်းမှ ပြန်လာနေစဉ်အတွင်း **ICE** က ဖမ်းဆီးမှု ပြုလုပ်နိုင်ပါသလား။

- ICE အနေဖြင့် အချို့သောအခြေအနေများတွင် ကျောင်းသားများ ကျောင်းသို့သွားရာ သို့မဟုတ် ကျောင်းမှပြန်ရာ လမ်းမများ အပါအဝင် အများပြည်သူဆိုင်ရာ နေရာများ၌ ဖမ်းဆီးမှုများကို ပြုလုပ်နိုင်ပါသည်။ ကျောင်းသားများ လမ်းလျှောက်ခြင်း၊ ဘတ်စ်ကားမှတ်တိုင်တွင် စောင့်ဆိုင်းခြင်း သို့မဟုတ် ကိုယ်ပိုင်ယာဉ်များဖြင့် စီးနင်းလိုက်ပါခြင်းတို့ ပြုလုပ်ကြသဖြင့် ကျောင်းသွား/ကျောင်းပြန် အချိန်များသည် အန္တရာယ် ပိုမိုမြင့်မားနိုင်ပါသည်။
- ကျောင်းကားများပေါ်သို့ တရားရုံးဝရမ်းစာ မပါရှိဘဲ ICE အရာရှိများ ဝင်ရောက်ခြင်းမှ တားဆီးရန် နယူးယောက်ပြည်နယ်တွင် အထူးအကာအကွယ်ပေးမှုများ ရှိပါသည်။

### ကျောင်းသားများသည် မိမိကိုယ်ကို ကာကွယ်ရန် မည်သို့လုပ်ဆောင်နိုင်သနည်း။ ကျောင်းများအနေဖြင့် ၎င်းတို့၏ ကျောင်းသားများကို ဘေးကင်းလုံခြုံအောင် မည်သို့ စောင့်ရှောက်ပေးနိုင်သနည်း။

- မိမိကိုယ်ကို ကာကွယ်ရန် ကျောင်းသားများအနေဖြင့် အောက်ပါအချက်ကို လုပ်ဆောင်နိုင်ပါသည်-
  - ကျောင်းသို့ သွားသည့်အခါနှင့် ကျောင်းမှ ပြန်လာသည့်အခါများတွင် မိမိနှင့်အတူ အဖော်အဖြစ် လိုက်ပါပေးရန် သူငယ်ချင်း သို့မဟုတ် လူထုအဖွဲ့အစည်းဝင် တစ်ဦးဦးအား တောင်းဆိုပါ
  - သင်၏ အခွင့်အရေးများကို သိရှိပါ
  - ICE သို့မဟုတ် CBP အရာရှိများနှင့် ထိပ်တိုက်တွေ့ဆုံရသည့် အခြေအနေမျိုး ကြုံတွေ့ရပါက အသုံးပြုနိုင်ရန် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားပြီး အစီအစဉ်တစ်ခု ချမှတ်ထားပါ
- ကျောင်းသားများကို ဘေးကင်းလုံခြုံအောင် စောင့်ရှောက်ရန် ကျောင်းများအနေဖြင့် အောက်ပါအချက်ကို လုပ်ဆောင်နိုင်ပါသည်-
  - သီးသန့်နေရာများကို ရှင်းလင်းပြတ်သားစွာ သတ်မှတ် ခွဲခြားပြသထားပါ
  - ICE နှင့် CBP အပါအဝင် ဥပဒေစိုးမိုးရေး အဖွဲ့အစည်းများနှင့် ထိပ်တိုက်ရင်ဆိုင်ကြုံတွေ့ရပါက လုပ်ဆောင်ရမည့် စနစ်တကျရှိသော လုပ်ထုံးလုပ်နည်းများကို တိကျစွာ ချမှတ်ထားပါ
  - ဝန်ထမ်းအားလုံးကို ၎င်းတို့၏ ရပိုင်ခွင့်များနှင့် တာဝန်ဝတ္တရားများအပေါ် သေချာစွာ လေ့ကျင့် သင်တန်းပေးထားပါ။
  - မိမိ၏ အခွင့်အရေးများကို သိရှိပါ အချက်အလက်များကို ဘာသာစကားမျိုးစုံဖြင့် ကပ်ထားပါ
  - ပုဂ္ဂိုလ်ရေးဆိုင်ရာ လွတ်လပ်ခွင့် အကာအကွယ်များကို မှတ်သားထားပါ၊ ထို့ပြင် ဥပဒေစိုးမိုးရေး အဖွဲ့အစည်းများနှင့် လိုအပ်သည်ထက်ပိုသော အချက်အလက်များကို မျှဝေခြင်း မပြုပါနှင့်။
  - နောက်ထပ် သတင်းအချက်အလက်များအတွက် aclu.org/documents/immigration-enforcement-guidance-for-schools သို့ ဝင်ရောက်ကြည့်ရှုပါ

# အသိုင်းအဝိုင်း လုံခြုံရေး



**လူဝင်မှုကြီးကြပ်ရေး အခြေအနေ သို့မဟုတ် မည်သူမည်ဝါ ဖြစ်ကြောင်း အထောက်အထားမလိုဘဲ လူတိုင်းလူတိုင်းသည် ၎င်းတို့၏အသိုင်းအဝိုင်းတွင် ဘေးကင်းလုံခြုံစွာ နေထိုင်ရန် ထိုက်တန်ပါသည်။**

### မုန်းတီးမှုကြောင့် ရာဇဝတ်မှုများနှင့် ဘက်လိုက်မှုများ

- မုန်းတီးမှုကြောင့် ရာဇဝတ်မှုတစ်ခုသည် လူတစ်ဦး၏ လူမျိုး၊ အသားအရောင်၊ မျိုးရိုးဇာတိ၊ မျိုးရိုး၊ ကျား၊ မ၊ ကိုးကွယ်သည့်ဘာသာ၊ ဘာသာရေး၊ အသက်အရွယ်၊ မသန်စွမ်းမှု သို့မဟုတ် လိင်စိတ်တိမ်းညွတ်မှု အပေါ် ဘက်လိုက်မှုဖြင့် လှုံ့ဆော်သော ပြစ်မှုတစ်ခုဖြစ်သည်။
- နယူးယောက်ပြည်နယ်တွင် အမြင်စောင်းခြင်းကြောင့်ဖြစ်စေသော ခြိမ်းခြောက်မှု၊ နှောင့်ယှက်မှုနှင့် အကြမ်းဖက်မှုများ တိုးပွားလာမှုဆိုင်ရာ အစီရင်ခံစာများကို ကိုင်တွယ်ဖြေရှင်းရန် မုန်းတီးမှုကြောင့် ရာဇဝတ်မှု ကျူးလွန်ခြင်းဆိုင်ရာ လုပ်ငန်းအဖွဲ့တစ်ခုရှိသည်။
- သင်က တစ်ခုခုကိုမြင်လျှင် သို့မဟုတ် မုန်းတီးမှုကြောင့် ရာဇဝတ်မှု၏ သားကောင်ဖြစ်လျှင်-
  - NYS လူ့အခွင့်အရေးဌာနခွဲကို သတင်းပို့ပါ။ 1-888-392-3644 ကို ဖုန်းခေါ်ဆိုပါ၊ 81336 သို့ “HATE” ဟု စာသားမက်ဆေ့ချ်ပေးပို့ပါ၊ သို့မဟုတ် forms.ny.gov/s3/Hate-Crime-Tips သို့ သွားပါ။ ပိုမိုသိရှိလိုပါက dhr.ny.gov သို့ သွားရောက်ကြည့်ရှုနိုင်ပါသည်။
  - လုပ်ဆောင်နေဆဲဖြစ်သည့် မုန်းတီးမှုကြောင့် ရာဇဝတ်မှု သို့မဟုတ် အရေးပေါ်အခြေအနေတစ်ခုခုကို သတင်းပို့ရန် 911 သို့ ချက်ချင်း ဖုန်းခေါ်ဆိုပါ။
- မုန်းတီးမှုကြောင့် ရာဇဝတ်မှုများကို အစီရင်ခံသောအခါ၊ သင်၏အတွေ့အကြုံ၊ အထောက်အထားနှင့် အခြားအရာများနှင့် ပတ်သက်သည့် အချက်အလက်အားလုံးကို လျှို့ဝှက်ထားမည်ဖြစ်သည်။
- သင်သည် မုန်းတီးမှုကြောင့် ရာဇဝတ်မှုတစ်ခုကို တိုင်ကြားနိုင်ပြီး သင်၏လူဝင်မှုကြီးကြပ်ရေး အခြေအနေ မည်သို့ပင်ရှိစေကာမူ ဝန်ဆောင်မှုများကို လက်ခံရရှိနိုင်ပါသည်။

### အသိုင်းအဝိုင်း အရင်းအမြစ်များ

- နယူးယောက်ပြည်နယ် မုန်းတီးမှုကြောင့် ရာဇဝတ်မှု တားဆီးကာကွယ်ရေးရုံးသည် ဝန်ဆောင်မှုများ၊ အရင်းအမြစ်များနှင့် အသိုင်းအဝိုင်း အဖွဲ့ဝင်များနှင့် အဖွဲ့အစည်းများကို ပံ့ပိုးပေးပါသည်။ အရင်းအမြစ်များကို ဘာသာစကားမျိုးစုံဖြင့် ရရှိနိုင်ပါသည်။ ပိုမိုသိရှိလိုပါက nyc.gov/stophate ဝင်ရောက်ကြည့်ရှုပါ။
- အကြမ်းဖက်မှု တိုက်ဖျက်ရေးဆိုင်ရာ ပညာပေးစင်တာသည် နယူးယောက် လူမှုအသိုက်အဝန်းများတွင် အမုန်းပွားမှုများမှ ကာကွယ်ရန်၊ ဖြိုခွဲရန်နှင့် ပြန်လည်သင့်မြတ်ရန် လုပ်ဆောင်သည်။ ၎င်းတို့တွင် မိမိကိုယ်ကို ခုခံကာကွယ်မှု၊ ဘေးကင်းသော အလုပ်ရုံဆွေးနွေးပွဲများနှင့် လူငယ်စွမ်းရည်မြှင့်တင်ရေးဆိုင်ရာ ပညာပေးအစီအစဉ်များ ရှိသည်။ ပိုမိုသိရှိလိုပါက 1-718-788-1775 သို့ ဖုန်းခေါ်ဆိုပါ သို့မဟုတ် caeny.org သို့ ဝင်ရောက်ကြည့်ရှုပါ။

အသိုင်းအဝိုင်းနှင့် ချိတ်ဆက်ခြင်း

- AAPI
  - Asian Americans for Equality: 212-979-8381, aafe.org
  - Chhaya for South-Asian and Indo-Caribbean communities: 718-478-3848, chhayacdc.org
  - Korean Family Service Center: 718-460-3800, kafsc.org
  - MinKwon Center for Community Action: 718-460-5600, minkwon.org
  - National Federation of Filipino American Associations New York: 212-684-0542, naffaa.org
  - Sikh Coalition: 516-930-0302, sikhcoalition.org
- အာဖရိကန်
  - African Communities Together: 347-746-2281, africans.us
  - African Services Committee: 212-222-3882, africanservices.org
  - Sauti Yetu Center For African Women: 718-665-2486, sautiyetu.us
- အာရပ်/မွတ်စလင်
  - Arab American Association of New York: 718-745-3523, arabamericanny.org
  - Council on American-Islamic Relations of New York: 646-665-7599, cair-ny.org
  - Muslim Community Network: 347-519-2755, mcnny.org
- မသန်စွမ်းမှု
  - Center for Disability Rights: 585-546-7510, cdrnys.org
  - Disability Rights New York: 518-432-7861, drny.org
- ဟစ်စပန်နစ်/လက်တင်နို
  - Hispanic Federation: 866-432-9832, hispanicfederation.org
  - Latino Commission on AIDS: 212-584-9325, latinoaids.org
  - Mixteca: 718-965-4795, mixteca.org
  - TransLatinx: 646-882-2000, translatinxnetwork.org
- LGBTQ+
  - Caribbean Equality Project: 347-709-3179, caribbeanequalityproject.org
  - Gay, Lesbian, Bisexual and Transgender Community Center: 212-620-7310, gaycenter.org
  - New York City Gay and Lesbian Anti-Violence Project: 212-714-1141, avp.org
- ဒေသခံ အမေရိကန်နှင့် အလက်စကာ ဒေသခံ
  - American Indian Community House: 646-575-3638, aich.org
  - North American Indigenous Center of New York: 516-930-0302, naicny.org

# နယူးယောက်ပြည်နယ် အရင်းအမြစ်များ



**NYS ဘာသာစကား ရယူအသုံးပြုနိုင်ခွင့်ရုံး**

- NYS ဘာသာစကား ရယူအသုံးပြုနိုင်ခွင့်ရုံးသည် အင်္ဂလိပ် ဘာသာစကားတွင် ကျွမ်းကျင်စွာ အသုံးပြုနိုင်မှု အကန့်အသတ်ရှိသော နယူးယောက်မြို့သူမြို့သား သန်းပေါင်းများစွာအတွက် ဘာသာစကား ရယူအသုံးပြုနိုင်သည့် ဝန်ဆောင်မှုများကို ကြီးကြပ်သည်။
- စကားပြန်နှင့် ဘာသာပြန် ဝန်ဆောင်မှုများအပေါ် သင့်အခွင့်အရေးများကို သိရှိရန် ogs.ny.gov/know-your-rights သို့ ဝင်ရောက်ကြည့်ရှုပါ
- ဘာသာစကား ရယူအသုံးပြုနိုင်ခွင့် တိုင်ကြားချက် တင်သွင်းရန် languageaccess.ny.gov/en-US သို့ ဝင်ရောက်ကြည့်ရှုပါ။
- ဘာသာစကား ရယူအသုံးပြုနိုင်ခွင့် အရင်းအမြစ်များကို ရယူရန် သို့မဟုတ် အစိုးရဌာနအဖွဲ့အစည်းဆိုင်ရာ အကူကိရိယာများကို တောင်းဆိုရန်၊ အဖွဲ့အစည်းများအတွက် မေးခွန်းလွှာကို survey.alchemer.com/s3/8252338/OLA-Questionnaire သို့ တင်သွင်းပါ။

**အမေရိကန်နိုင်ငံသား အသစ်များအတွက် NYS ရုံး**

- သင် သို့မဟုတ် သင်သိသော တစ်စုံတစ်ဦးအနေဖြင့် အခမဲ့ ဥပဒေရေးရာ အထောက်အပံ့ လိုအပ်နေပါက ဟော့လိုင်းနံပါတ် 1-800-566-7636 ကို ခေါ်ဆိုပါ။ ခေါ်ဆိုမှုတိုင်းကို လျှို့ဝှက်အဖြစ် ထားရှိပေးပါသည်။ ဘာသာစကားပေါင်း 200 ကျော်ဖြင့် ကူညီပေးနေပါသည်။

**NYS ကျန်းမာရေးဌာန**

- ကျန်းမာရေးအာမခံ လျှောက်ထားပါ- 1-855-355-5777 ကိုခေါ်ဆိုပါ သို့မဟုတ်  nystateofhealth.ny.gov တွင် ဝင်ရောက်လေ့လာပါ။

**NYS စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးရုံး**

- စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးဝန်ဆောင်မှုများနှင့် ပတ်သက်သည့် မေးခွန်းများအတွက် သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေး ဝန်ဆောင်မှု ထောက်ပံ့သူရှာဖွေရန်အတွက် 1-800-597-8481 ကို ခေါ်ဆိုပါ သို့မဟုတ် omh.ny.gov ဝင်ရောက် လေ့လာပါ။
- National Suicide Prevention Lifeline: သင့် အသက် သို့မဟုတ် တစ်စုံတစ်ဦး အသက် အန္တရာယ်ရှိပါက 911 ကို ခေါ်ပါ။ သင့်အနေဖြင့် အကျပ်အတည်းနှင့်ရင်ဆိုင်နေရပြီး အကူအညီချက်ချင်းလိုအပ်ပါက 1-800-273-8255 ကို ခေါ်ပါ သို့မဟုတ် 741-741 သို့ “GOT5” ဟု စာတို ပို့ပါ။

**အိမ်တွင်းအကြမ်းဖက်မှု တားဆီးရေး NYS ရုံး**

- သင် သို့မဟုတ် အပြန်အလှန် ဆက်ဆံရေးရှိသော အခြားသူတစ်ဦးဦးကို တခြားသောလူတစ်ဦးဦးက နှုတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် လိင်ပိုင်းဆိုင်ရာ အလွဲသုံးစားပြုမှု သို့မဟုတ် အခြားနည်းပရိယာယ်အားဖြင့် ထိန်းချုပ်ပါက၊ NYS အိမ်တွင်းအကြမ်းဖက်မှု ဟော့လိုင်း 1-800-942-6906 သို့ ဖုန်းခေါ်ဆိုပါ။
- အွန်လိုင်းမှတစ်ဆင့် ရှေ့နေတစ်ဦးနှင့် စကားပြောရန်၊ opdv.ny.gov သို့ ဝင်ရောက်ကြည့်ရှုပါ၊ ဘာသာစကားအများစုကို 24/7 ရနိုင်သည်။

**NYS အလုပ်သမားဌာန**

- အလုပ်သမားဌာနသည် အလုပ်သမားများ၏ ဘေးကင်းမှုနှင့် ကျန်းမာရေး၊ လုပ်ခလစာနှင့် အလုပ်လုပ်သည့် အခြေအနေများကို ကာကွယ် မြှင့်တင်ရန် တာဝန်ရှိပါသည်။
- လုပ်ခလစာနှင့် အလုပ်ချိန်နာရီ ဥပဒေများ၊ လုပ်ငန်းခွင် ကျန်းမာရေးနှင့် ဘေးအန္တရာယ် ကင်းရှင်းရေး သို့မဟုတ် တိုင်ကြားချက်ဖွင့်ခြင်း စသည်တို့နှင့် ပတ်သက်ပြီး သိရှိနိုင်ရန်အတွက် 1-888-469-7365 ကို ခေါ်ဆိုပါ သို့မဟုတ် dol.ny.gov/safety-and-health တွင် ဝင်ရောက် လေ့လာပါ။
- အလုပ်လက်မဲ့ အာမခံအတွက် အကူအညီရယူနိုင်ရန် 1-888-209-8124 ကို ခေါ်ဆိုပါ သို့မဟုတ် dol.ny.gov/unemployment/ unemployment-insurance-assistance တွင် ဝင်ရောက်လေ့လာပါ။

**NYS လူ့အခွင့်အရေး ဌာန**

- နယူးယောက်၏ လူ့အခွင့်အရေးဥပဒေအရ အသက်အရွယ်၊ လူမျိုး၊ မူလနိုင်ငံသားဖြစ်မှု၊ လိင်၊ လိင်ပိုင်းဆိုင်ရာ တိမ်းညွတ်မှု၊ ကျား/မ အမှတ်အသား သို့မဟုတ် ဖော်ထုတ်မှု၊ အိမ်ထောင်ရှိ/မရှိ၊ မသန်စွမ်း၊ စစ်တပ်ဆိုင်ရာ အဆင့်အတန်းနှင့် အခြားသော အဆင့်အတန်းများကြောင့် အလုပ်အကိုင်၊ နေအိမ်၊ ခရက်ဒစ်၊ ပညာရေး နှင့် အများပြည်သူ နေရာထိုင်ခင်းများ အတွက် ခွဲခြားဆက်ဆံခြင်းကို တားမြစ်ထားပါသည်။
- သင့်အနေဖြင့် ခွဲခြားဆက်ဆံခြင်းခံရသည်ဟု ခံစားရပါက 1-888-392-3644 ကို ခေါ်ဆို၍ဖြစ်စေ သို့မဟုတ် dhr.ny.gov တွင် ဝင်ရောက်၍ဖြစ်စေ တိုင်ကြားစာ တင်သွင်းနိုင်ပါသည်။

**NYS** အိမ်ရာ

- ဈေးနှုန်းတတ်နိုင်သောအိမ်ရာ ရှာဖွေရာတွင် အကူအညီအတွက် 1-877-428-8844 သို့ ဖုန်းခေါ်ဆိုပါ သို့မဟုတ် nyhousingsearch.gov သို့ ဝင်ရောက်ကြည့်ရှုပါ။
- နယူးယောက်စီးတီးရှိ ဈေးနှုန်းတတ်နိုင်သော အိမ်ရာထီလက်မှတ်ဆိုင်ရာ အချက်အလက်အတွက်၊ 212-863-7990 သို့ ဖုန်းခေါ်ဆိုပါ သို့မဟုတ် housingconnect.nyc.gov သို့ ဝင်ရောက်ကြည့်ရှုပါ။
- နယူးယောက်ပြည်နယ်ရှိ အိမ်ငှားအခွင့်အရေးဆိုင်ရာ အချက်အလက်များအတွက် ag.ny.gov/publications/residential-tenants-rights-guide သို့ ဝင်ရောက်ကြည့်ရှုပါ။

NYS **အနိုင်ကျင့်ခံရသူများအတွက် ဝန်ဆောင်မှုရုံးသည်**

- သင် သို့မဟုတ် သင်သိသူ တစ်ဦးဦးသည် မှုန်းတီးမှုကြောင့် ရာဇဝတ်မှုတစ်ခုကြုံဖူးပါက၊ NYS အနိုင်ကျင့်ခံရသူများအတွက် ဝန်ဆောင်မှုရုံးသည် ဆေးဘက်ဆိုင်ရာ ကုန်ကျစရိတ်များနှင့် အကြံဉာဏ်တောင်းခံသည့် စရိတ်များ၊ သင်္ဂြိုဟ်ခြင်းနှင့် အသုဘစရိတ်များ၊ ဆုံးရှုံးသွားသော လုပ်ခများနှင့် အခြားအကူအညီ အမျိုးအစားများကို ကူညီပေးနိုင်ပါသည်။ 1-800-247-8035 သို့ ဖုန်းခေါ်ဆိုပါ သို့မဟုတ် ပိုမိုသိရှိလိုပါက ovs.ny.gov သို့ ဝင်ရောက်ကြည့်ရှုပါ။

ယခုစာရွက်စာတမ်းအား အွန်လိုင်းဖြင့်လည်းကောင်း သို့မဟုတ်
အခြားဘာသာစကားဖြင့်လည်းကောင်း ကြည့်ရှုလိုပါက nyic.org/KYR
တွင် ဝင်ရောက် လေ့လာပါ သို့မဟုတ် ယခုကုဒ်ကို စကန်ဖတ်ပါ-

ယခု တူးလ်ကစ် သို့မဟုတ် ၎င်းတွင်ပါဝင်သည့် အချက်အလက်များနှင့်
ပတ်သက်ပြီး မေးမြန်းလိုသည်များ သို့မဟုတ် အကြံပြုချက်များရှိပါက
ကျေးဇူးပြုပြီး အောက်ပါနေရာများထံ ဆက်သွယ်ပါ-
Bryan Lee – blee@nyic.org

သင့်အနေဖြင့် အသင်းအဖွဲ့အုပ်စုနှင့် ပြုလုပ်သည့် Know Your Rights
(သင့်အခွင့်အရေးများကို သိထားပါ) အခမဲ့ ဆွေးနွေးပွဲကို
တက်ရောက်လိုပါက ကျေးဇူးပြုပြီး kyr@nyic.org ကို ဆက်သွယ်ပါ။

နယူးယောက်ပြည်နယ် လူဝင်မှုကြီးကြပ်ရေးအဖွဲ့ (NYIC) သည်
နယူးယောက်ပြည်နယ်အတွင်းရှိ ရွှေ့ပြောင်းနေထိုင်သူပေါင်း
200 ကျော်နှင့် ဒုက္ခသည် အခွင့်အရေးဆိုင်ရာ အုပ်စုများကို
ကိုယ်စားပြုသည့် အဖွဲ့အစည်းတစ်ခု ဖြစ်ပါသည်။

ကျွန်ုပ်တို့အနေဖြင့် နယူးယောက်ပြည်နယ်သည် ပိုမို
အားကောင်းလာမည်ဟု မျှော်မှန်းပါသည် အကြောင်းမှာ
လူတိုင်းကို ကြိုဆိုလက်ခံပြီး မျှမျှတတ
ဆက်ဆံပေးသည့်အပြင် ၎င်းတို့၏ အိပ်မက်များကို
ရှာဖွေနိုင်မည့် အခွင့်အရေးကို ပေးအပ်ခြင်းကြောင့် ဖြစ်သည်။
ကျွန်ုပ်တို့၏ ဦးတည်ချက်မှာ ရွှေ့ပြောင်းနေထိုင်သူများ၊
အဖွဲ့ဝင်များနှင့် မိတ်ဖက်များ အားလုံး ရှင်သန်နိုင်ရန်
ပေါင်းစည်းနိုင်ဖို့ ဖြစ်ပါသည်။

NYIC

**New York Immigration Coalition**
131 W 33rd St, Ste 610
New York, NY 10001
212 627 2227
nyic.org